# မန္တလေး နေ့စဉ်

*The Mandalay Daily*

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၁၄၄)၊ ၁၃၈၈ ခုနှစ် ၊ ကဆုန်လပြည့်ကျော် ၁ ရက် ၊ ၁-၅-၂၀၂၆၊ သောကြာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## အရည်အချင်းပြည့်ဝသော လုပ်သားအင်အားထု ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ရေးတို့ကို အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်လျက်ရှိ

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးမင်းအောင်လှိုင်ထံမှ အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

(၂၀၂၆ ခုနှစ်၊ မေလ ၁ ရက်)

ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား

အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့သည် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့အလုပ်သမားများ၏ လုပ်အားတန်ဖိုးကို မြှင့်တင်ပေးသောနေ့၊ အလုပ်သတ်မှတ်ချိန်ကို မှန်ကန်သင့်လျော်စွာ ခံစားရသောနေ့၊ ကမ္ဘာ့အလုပ်သမားလှုပ်ရှားမှုသမိုင်းတွင် မှတ်ကျောက်တင်နိုင်သည့် သမိုင်းဝင်နေ့ထူးနေ့မြတ် အခါသမယဖြစ်ပါသည်။ ထိုကဲ့သို့သော မင်္ဂလာနေ့ရက်မှစ၍ နိုင်ငံတော်အတွင်းရှိ အလုပ်သမားကြီးများအားလုံး ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ချစ်ခင်လေးစားစွာ နှုတ်ခွန်းဆက်သအပ်ပါသည်။

၁၈၉၀ ပြည့်နှစ်၊ မေလ (၁) ရက်နေ့မှစ၍ ကမ္ဘာတစ်ဝန်း၌ အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ အခမ်းအနားများ ကျင်းပခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့်လည်း ကာယ၊ ဉာဏ အလုပ်သမားကြီးများ၏ စွမ်းဆောင်မှုကို အသိအမှတ်ပြု ဂုဏ်ပြုသည့်အနေဖြင့် နှစ်စဉ် အခမ်းအနားများကျင်းပခဲ့ရာ (၈၈)ကြိမ်မြောက်သို့ပင် ရောက်ရှိခဲ့ပြီ ဖြစ်ပါသည်။

စာမျက်နှာ ၃ သို့ ✪






နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားတွင် သာသနာရေးဆိုင်ရာများနှင့်ပတ်သက်၍ လျှောက်ထားတင်ပြစဉ်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနား ကျင်းပပြုလုပ်

## နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညို

နေပြည်တော် ဧပြီ ၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညိုသည်။

စာမျက်နှာ ၄ သို့ ❍

**၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ကို ဂုဏ်ပြုပါ၏။**

၂၀၂၆ ခုနှစ်၊ မေ ၁ ရက်၊ သောကြာနေ့။
မန္တလေး

# သီးနှံမျိုးကောင်းမျိုးသန့် မျိုးစေ့များ ထုတ်လုပ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် စိုက်ပျိုးရေးကဏ္ဍတွင် အရေးကြီးသည့် မျိုး၊ မြေ၊ ရေ၊ နည်းပညာ လုပ်ငန်းများဆောင်ရွက်ရာတွင် မျိုးစေ့ဆိုင်ရာနည်းပညာများ၊ မြေဆီလွှာဆိုင်ရာနည်းပညာများ၊ ရေစီမံခန့်ခွဲမှုနည်းပညာများအား တောင်သူလယ်သမားများ စနစ်တကျ လိုက်ပါအသုံးပြုလာစေရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်တွင်းမျိုးစေ့ထုတ်လုပ်မှု တိုးမြှင့်ပြီး ပြည်ပမှမျိုးစေ့ တင်သွင်းအသုံးပြုမှု လျော့ချရေးအတွက် ပြည်တွင်းမျိုးစေ့ထုတ်လုပ်မှုများတွင် အရည်အသွေးပြည့်မီသည့် ဈေးကွက်ဝယ်လိုအားရှိပြီး သက်တမ်းတိုသီးနှံမျိုးစေ့များကို ပိုမိုထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သည့် မျိုးစေ့ထုတ်လုပ်ရေးသင်တန်းများပေးခြင်း၊ မျိုးစေ့ထုတ်လုပ်ရန် လိုအပ်သည့် မြေနေရာရရှိရေးအတွက် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လျှောက်ထားအသုံးပြုခွင့်ပေးခြင်း၊ မျိုးစေ့ဈေးနှုန်းကြီးမြင့်မှုမဖြစ်ပေါ်စေရန် လိုအပ်သည့် အခြေခံအဆောက်အအုံများ တည်ဆောက်အသုံးပြုနိုင်ရန် စီမံဆက်စပ်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ အလားတူ MSME များနှင့် မျိုးစေ့ထုတ်လုပ်သူ တောင်သူများအကြား ပေါင်းကူးဆက်သွယ်နိုင်ရေး ဆောင်ရွက်ရာ၌ MSME များမှ လိုအပ်သည့် သီးနှံထွက်ကုန်ကြမ်းများ စိုက်ပျိုးထုတ်လုပ်ရာတွင်လိုအပ်သည့် အရည်အသွေးနှင့်ကိုက်ညီသော သီးနှံမျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်ပေးနိုင်သည့် ဝန်းကျင်ကောင်းများ ဖန်တီးခြင်းလုပ်ငန်းအား ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ စိစစ်ထိန်းကျောင်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မျိုးစေ့ထုတ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် Seed Growers များကို နည်းမှန်လမ်းမှန်ဆောင်ရွက်ရန် လေ့ကျင့်ပေးပြီး အရင်းအနှီးရရှိရေးနှင့် စုပေါင်းဆောင်ရွက်သည့် အလေ့အကျင့်ဖြစ်စေရေးအတွက် မျိုးစေ့အစုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ပေးနိုင်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်းကို အလေးထားဆောင်ရွက်သွားရန်ဖြစ်ကြောင်း မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက ဧပြီ ၂၈ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရုံးအမှတ်(၄၃) အစည်းအဝေးခန်းမ၌ ကျင်းပသည့် မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ၏ (၃၃) ကြိမ်မြောက် အစည်းအဝေး၌ ပြောကြားသည်။ မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ၏ (၃၂)ကြိမ်မြောက် ကော်မတီအစည်းအဝေးအထိ လယ်ယာသီးနှံ ၇၆၂ မျိုး၊ ဉယျာဉ်ခြံသီးနှံ ၉၈၄ မျိုး၊ စက်မှုသီးနှံ ၁၃၇ မျိုးနှင့် မိဘမျိုးလိုင်း ၂၅၂ စုံ စုစုပေါင်း မျိုးသစ်မျိုးဖျား ၂၁၃၅ မျိုးကို အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခဲ့ပြီးဖြစ်သည်။

(၃၃)ကြိမ်မြောက် အစည်းအဝေးတွင် သက်ဆိုင်ရာ သီးနှံကျွမ်းကျင်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့များနှင့် မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာ ကော်မတီတို့က အဆင့်ဆင့် စိစစ်တင်ပြလာသည့် အသိအမှတ်ပြုလက်မှတ်၏ သက်တမ်း(၁၀)နှစ်ပြည့်မြောက်၍ သက်တမ်းထပ်တိုးမည့် သီးနှံမျိုးဖျား(၁၄)မျိုး၊ မျိုးအသစ်အဖြစ် လျှောက်ထားလာသည့် လယ်ယာသီးနှံ ၃၀၊ စက်မှုသီးနှံ တစ်မျိုး၊ ဉယျာဉ်ခြံသီးနှံ ၁၁ မျိုးနှင့် မိဘမျိုးလိုင်း ၁၂ စုံ စုစုပေါင်း မျိုးသစ်မျိုးဖျား ၆၈ မျိုးတို့အပေါ် အသိအမှတ်ပြုလက်မှတ် ထုတ်ပေးနိုင်ရေး သုံးသပ်ဆောင်ရွက်ခဲ့ကြသည်။

မျိုးစေ့ကဏ္ဍတွင် အရည်အသွေးနှင့်ကိုက်ညီသော သီးနှံမျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်ပေးနိုင်ရေး၊ တောင်သူလယ်သမားများအား လက်တွေ့နည်းပညာပေးခြင်း မျိုးစေ့ထုတ်အဖွဲ့များ ဖွဲ့စည်းလုပ်ကိုင်နိုင်ရေးအတွက် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ပေးခြင်းတို့ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## (၂၄၂)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် သံဃာ့ဒါနဆွမ်းတော်ကြီးလောင်းလှူပွဲ ကျင်းပ

**မန္တလေး ဧပြီ ၃၀**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအနောက်ရပ်ကွက်၊ မုန့်တီစုရပ်ရှိ မဟာဝိဇ္ဇုက သဲပုံစေတီတော်ကြီး၏(၂၄၂) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် သံဃာ့ဒါနဆွမ်းတော်ကြီးလောင်းလှူပွဲကို ယနေ့ နံနက် ၈ နာရီက မဟာဝိဇ္ဇုကစေတီယ ဓမ္မာရုံအတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ကြပြီး ကင်းဝန်မင်းကြီးတိုက် တိုက်အုပ်ဆရာတော် အမှူးပြုသော သံဃာတော်များက ဧပြီ ၂၈ ရက်က တည်ထားခဲ့သော ဉာဏ်တော် ၂၅ပေရှိ သဲပုံစေတီတော်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပူဇော်ကြကာ ဂေါပကအဖွဲ့များ၊ မဟာဝိဇ္ဇုကစေတီယ အသင်းသား၊ အသင်းသူများက ဆရာတော်ထံမှ ရှစ်ပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များရွတ်ပွားသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။ (ယာပုံ)

ထို့နောက် ဂေါပကအဖွဲ့ဝင်များက တိုက်အုပ်ဆရာတော်ထံ သင်္ကန်းအစရှိသောလှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရား နာယူကြကာ ရေစက်သွန်းချအမျှပေးဝေကြ၍ အလှူရှင်များက သံဃာတော်တစ်ပါးလျှင် နဝကမ္မငွေကျပ် ကိုးသိန်းကိုးသောင်းခြောက်ထောင်နှုန်းဖြင့် ပင့်သံဃာ တစ်ဆယ့်ငါးပါးတို့အား နဝကမ္မဝတ္ထုငွေကျပ် တစ်ရာငါးဆယ့်ကိုးသိန်းသုံးသောင်းခြောက်ထောင်နှင့်တကွ သံဃာ့ဒါနဆွမ်းတော်ကြီးလောင်းလှူခဲ့ကြောင်း သိရသည်။

(ဝ၅၃)





မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ နွားထိုးကြီးမြို့ ရှင်ပင်သာဒွန်းဦးဘုရားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် မြို့ပေါ်ရပ်ကွက်ရှိ ပြည်သူများက ကဆုန်လပြည့် (ဗုဒ္ဓနေ့)တွင် သံဃာတော် ၁၀၈ ပါးအား ဆွမ်းဆန်စိမ်းနှင့် နဝကမ္မဝတ္ထုငွေများ လောင်းလှူကြစဉ်။

တင့်လွင်ဦး

## ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် အသက် ၇၅ နှစ်နှင့်အထက် သက်ကြီးပူဇော်ပွဲ ကျင်းပ

**ပုသိမ်ကြီး ဧပြီ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ချမ်းသာလှဆေးကုသမှုဆေးပေးခန်းပရဟိတအဖွဲ့၏ ပထမအကြိမ် အသက် ၇၅ နှစ်နှင့်အထက် သက်ကြီးပူဇော်ကန်တော့ပွဲကို ကဆုန်လပြည့် (ဗုဒ္ဓနေ့) မွန်းလွဲ ၃ နာရီက အဆိုပါနေရာ၌ ကျင်းပသည်။

အစီအစဉ်အရ အလှူရှင် ဦးမျိုးသန့်+ဒေါ်အိအိမွန်၊ (သမီး) မမျိုးပိုပိုချစ်၊ မမျိုးပိုပိုနှစ် (မျိုးမြန်မာ မျိုးစပါးဖြန့်ချိရေးနှင့် ဘက်စုံစိုက်ပျိုးရေး)မိသားစုက သက်ကြီးဘိုးဘွား ၂၄ ဦးအတွက် တစ်ဦးလျှင် အလှူငွေကျပ် ငါးသောင်းနှင့် လေးပြည်ဝင်ဆန်အိတ် တစ်အိတ်၊ ခြံထွက်သရက်သီးများဖြင့် လှူဒါန်းကန်တော့ကြသည်။

ဆက်လက်၍ အဆိုပါအသင်းမှ အဘိုး၊ အဘွားတစ်ဦးလျှင် အလှူငွေကျပ် တစ်သောင်းခွဲစီ လှူဒါန်းကန်တော့ကြသည်။ ထို့နောက် ကန်တော့ခံ အသက် ၈၂ နှစ်အရွယ် ဦးချစ်သိန်း၊ အသက် ၇၉ နှစ်အရွယ် ဦးထွန်းခင်နှင့် ဒေါ်ခင်ဆွေလှိုင်တို့က မုဒိတာစကားပြောကြားကြသည်။



အဆိုပါ အဘိုး၊ အဘွားများမှာ ချမ်းသာလှ ဆေးကုသမှုဆေးပေးခန်းပရဟိတ အဖွဲ့တွင် ဆေးဝါးကုသပြီး ဆင်းရဲနွမ်းပါးသော အဘိုး၊ အဘွားများဖြစ်ကြောင်း သိရသည်။ **(ဝ၉၁)**

## ပေါင်းလဲရွှေသာလျောင်းဘုရားနှင့် ဗိမာန်တော်ကြီးပြုပြင်ရန် ငွေလှူဒါန်း

**မန္တလေး ဧပြီ ၃၀**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေအနောက်ပိုင်း ပေါင်းလဲရွှေသာလျောင်းဘုရားဝင်းအတွင်းရှိ ရွှေသာလျောင်းပေါင်းလဲ ဓမ္မဗိမာန်တော်ကြီး(ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီး)သွားသည်ကို ပြန်လည်ပြုပြင်ရန်အတွက် ယမန်နေ့ နံနက် ၁၁ နာရီက ဂေါပကရုံးခန်းသို့ ခင်ပွန်းဖြစ်သူ ဦးခင်မောင်ထွန်းအားရည်စူး၍ အလှူရှင် ဒေါ်တင်တင်ဌေး(သီရိရွှေစင် စိန်ရွှေရတနာဆိုင်)မိသားစုက ဓမ္မဗိမာန်တော်ကြီးအတွက် ငွေကျပ် ၁၀ သိန်းနှင့်လျောင်းတော်မူဘုရားကြီးအား ရွှေသင်္ကန်းကပ်လှူရန် ရွှေအဆိုင်းကြီး နှစ်ဆိုင်းအတွက် ငွေကျပ် ၁၀ သိန်း စုစုပေါင်း ငွေကျပ်သိန်း ၂၀ ကို လာရောက်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်တင်၊ ဒုဥက္ကဋ္ဌ ဦးဝှမ်ချို(ခ) ဦးစောနိုင်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(ဝဲပုံ)**




အဆိုပါ ရွှေသာလျောင်းပေါင်းလဲဘုရား ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ လှူဒါန်းလိုပါက ဂေါပကအဖွဲ့ရုံးဖုန်း ၀၉-၄၀၂၆၃၅၃၀၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ဝ၄ဝ)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com
ကြော်ငြာဌာန ဖုန်း/၀၉-၇၅၁၁၇၀၁၁၉ ၃၅လမ်းနှင့် ၇၁လမ်းထောင့်

❖ နိုင်ငံတော်အစိုးရသည် ပြည်သူ့စစ်မှုထမ်းတာဝန် ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများနှင့် မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့်ဖြင့် ကျောင်းပြင်ပရောက်နေသူများအတွက် အခြေခံသက်မွေးပညာသင်တန်းများ ဖွင့်လှစ်ပို့ချပေးသွားမည်

❖ ပညာရေးတစ်ပိုင်းတစ်စဖြင့် လုပ်ငန်းခွင်ရောက်ရှိနေသူများကိုလည်း ပညာသင်ယူမှု အခွင့်အလမ်းများရရှိစေရေးနှင့် ပညာရေးလမ်းကြောင်းပေါ် ပြန်လည်ရောက်ရှိနိုင်ရေးတို့အတွက် လုပ်ငန်းခွင်ကျွမ်းကျင်မှုမှ အစပြုပြီး ပညာရေးလမ်းကြောင်းဆီသို့ ကူးပြောင်းနိုင်အောင် စီစဉ်ဆောင်ရွက်ပေးသွားမည်

❖ အလုပ်သမားများ ဘေးကင်းလုံခြုံ၍ ကျန်းမာရေးနှင့်ညီညွတ်သော လုပ်ငန်းခွင်တွင် အလုပ်လုပ်ကိုင်နိုင်ခွင့်၊ ကျွမ်းကျင်မှုနှင့် ကြိုးစားအားထုတ်မှုတို့အပေါ် မူတည်၍ သင့်တင့်မျှတသော လုပ်ခလစာနှင့် လုပ်ငန်းခွင်တွင် တန်းတူညီမျှခွင့် စသည့် အခွင့်အရေးများရရှိရန် အလုပ်သမားဥပဒေများနှင့်အညီ စစ်ဆေးစည်းကြပ်ပေးလျက်ရှိ

◎ အရည်အချင်းပြည့်ဝသောမှ

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ကုန်ထုတ်စွမ်းအား တိုးတက်မြင့်မားမှု၊ ဝန်ဆောင်မှုအရည်အသွေး တိုးတက်မြင့်မားမှုတို့အပေါ် တည်မှီလျက်ရှိပါသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် အရည်အသွေးကောင်းမွန်သည့် ထုတ်ကုန်များကို ဖန်တီးဖော်ဆောင်ရာတွင် အဓိကကျသော အလုပ်သမားအင်အားထုကြီးကို လေးစားစွာ ဂုဏ်ပြုပါကြောင်း ဦးစွာပထမဖော်ပြအပ်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား**

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်၊ မေလ (၁၈)ရက်နေ့မှစ၍ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (International Labour Organization-ILO) တွင် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်လာသည်နှင့်အညီ ILO ၏ အခြေခံမူဝါဒများ၊ ပြဋ္ဌာန်းချက်များကို လေးစားလိုက်နာလျက်ရှိပြီး အလုပ်သမားများ၏အခွင့်အရေးကို ကာကွယ်မြှင့်တင်ပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာအလုပ်ရှင်နှင့် အလုပ်သမားရေးရာစံနှုန်းများကို တည်ဆဲဥပဒေများနှင့်အညီ လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အဓမ္မခိုင်းစေမှုပပျောက်ရေးလုပ်ငန်းများတွင် အထောက်အကူပေးနိုင်ရန်အတွက် ၂၀၀၂ ခုနှစ်မှစ၍ ILO ဆက်သွယ်ရေးအရာရှိတစ်ဦး လက်ခံခန့်ထားခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ရုံးစိုက်အခြေပြုနေထိုင်သော ILO ဆက်သွယ်ရေးအရာရှိနှင့် ထိတွေ့ဆက်ဆံပူးပေါင်းဆောင်ရွက်ခြင်း၊ ILO ဆက်သွယ်ရေးအရာရှိရုံးမှ လိုအပ်သည့်အချက်အလက်နှင့်လုပ်ငန်းများကို ပံ့ပိုးပေးခြင်း၊ အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုများကို ILO နှင့်ပူးပေါင်း၍ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရားဖြင့် ဖြေရှင်းပေးခြင်း၊ အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများကို ILO ၏ Convention-87 နှင့်အညီ အခြေခံ၊ မြို့နယ်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာရေးရာအဖွဲ့များအထိ အဆင့်ဆင့် လွတ်လပ်စွာဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား**

မြန်မာနိုင်ငံသည် အလုပ်လုပ်နိုင်သည့်လူဦးရေ အများဆုံးနိုင်ငံများထဲ၌ ပါဝင်လျက်ရှိပြီး အလုပ်လုပ်နိုင်သူ လူဦးရေပေါများခြင်းက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံ့စီးပွားမြင့်မားရေးတို့အတွက် အရေးပါသည့် လူ့စွမ်းအားအရင်းအမြစ် အခြေခံကောင်းများကို ပိုင်ဆိုင်ထားခြင်းပင်ဖြစ်ပါသည်။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်သမားဝန်ကြီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (၇) ကျောင်း၊ အသိအမှတ်ပြု မှတ်ပုံတင်လက်မှတ်ထုတ်ပေးထားသော လုပ်ငန်းခွင်အခြေပြု လေ့ကျင့်သင်ကြားပေးသောသင်တန်းကျောင်း (၂)ကျောင်း၊ မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု စံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (National Skills Standards Authority-NSSA) အသိအမှတ်ပြု သင်တန်းကျောင်း (၂၆) ကျောင်းတို့တွင် ကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

ကျွမ်းကျင်မှုသင်တန်းများ အောင်မြင်ပြီးမြောက်သွားသည့် လူငယ်များသည် မူလသာမန်လုပ်သား (Unskilled Labours) အဆင့်မှ လုပ်ငန်းခွင်တွင် လက်တွေ့ကျကျ ဦးဆောင်နိုင်စွမ်းရှိသည့် တန်ဖိုးမြင့် ကျွမ်းကျင်လုပ်သား (Skilled Labours) များအဖြစ် ဘဝအဆင့်အတန်း မြင့်မားတိုးတက်လာမည် ဖြစ်ပါသည်။

အဆိုပါ ကျွမ်းကျင်လုပ်သားများကို အမျိုးသားအဆင့် ကျွမ်းကျင်မှု စံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) ၏ စံနှုန်းသတ်မှတ်ချက်များနှင့်အညီ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးလျက်ရှိပါသည်။ ယင်းလက်မှတ်များသည် ပြည်တွင်း ပြည်ပတွင် အလုပ်လုပ်ကိုင်နိုင်ရေးနှင့် ကျွမ်းကျင်မှုအရည်အချင်းများနှင့်အညီ လုပ်ခလစာရရှိနိုင်ရေးတို့အတွက် အထောက်အကူပြုသည့် အသိအမှတ်ပြုလက်မှတ်များ ဖြစ်ပါသည်။

အသိပညာ၊ အတတ်ပညာပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရေးအတွက် ပညာရေးကိုအားပေးမြှင့်တင်ပေးလျက်ရှိပါသည်။ ပညာရေးတွင် အနည်းဆုံးအဆင့် KG+9 ပြီးဆုံးသည်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုကျွမ်းကျင်သူများ ဖြစ်လာစေမည့် အသက်မွေးဝမ်းကျောင်းပညာများကိုလည်း သင်ကြားပေးလျက်ရှိပါသည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကပိုင်ဆိုင်ထားသည့် သဘာဝအရင်းအမြစ်များကို အကျိုးရှိစွာ အသုံးချပြီး စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို ခေတ်မီနည်းပညာများဖြင့် ပေါင်းစပ်မြှင့်တင်၍ တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲထုတ်လုပ်ခြင်း၊ ပြည်တွင်း အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME) များကို အားပေးမြှင့်တင်ပေးလျက်ရှိပါသည်။ အလုပ်သမားများ ဝင်ငွေတိုးတက်စေခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖြစ်ထွန်းစေခြင်း၊ ကျွမ်းကျင်လုပ်သားများရရှိရေးအတွက် ကျွမ်းကျင်မှုဆိုင်ရာသင်တန်းများ ဖွင့်လှစ်ပို့ချပေးခြင်း၊ လုပ်အားအခြေပြု ကုန်ထုတ်လုပ်ငန်းများ တိုးတက်များပြားလာစေရန် ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ခြင်း၊ ပြည်ပအလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် ဆောင်ရွက်ပေးခြင်း၊ အလုပ်သမားများအတွက် လူမှုဖူလုံရေးအပါအဝင် အခြားအကျိုးခံစားခွင့်များရရှိအောင် ဆောင်ရွက်ပေးခြင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအဆင့်မြှင့်တင်ပေးခြင်း၊ အလုပ်သမားရေးရာ အငြင်းပွားမှုများအား တရားမျှတစွာ ဖြေရှင်းပေးခြင်း စသည့် အလုပ်သမားများ၏အကျိုးစီးပွားကို မျက်ခြည်မပြတ် ဆောင်ရွက်ပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံ လူဦးရေ၏ ၇၀ % ခန့်ဖြစ်သော ကျေးလက်နေပြည်သူများသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အဓိကဆောင်ရွက်နေသူများဖြစ်ကြပါသည်။ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် ပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေး၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးနှင့် ပြည်ပသွင်းကုန်အစားထိုးနိုင်ရေးတို့အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖြစ်သည့် MSME များ ဖွံ့ဖြိုးတိုးတက်စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား**

နိုင်ငံတော်အနေဖြင့် လုပ်သားထုကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်စေရန်၊ နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်ပညာရပ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလာစေရန်နှင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု စံချိန်စံညွှန်းသတ်မှတ်ချက်များကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန်ရည်ရွယ်၍ ပြည်တွင်း၌ ကျွမ်းကျင်မှုပြိုင်ပွဲများ ကျင်းပပေးလျက်ရှိပါသည်။ ပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိသူ လူငယ်လူရွယ်များအား ၂ နှစ်လျှင် တစ်ကြိမ် ကျင်းပသည့် အာဆီယံကျွမ်းကျင်မှုပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်အောင်လည်း စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။

နိုင်ငံတော်အစိုးရသည် ပြည်သူ့စစ်မှုထမ်းတာဝန် ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများနှင့် မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့်ဖြင့် ကျောင်းပြင်ပရောက်နေသူများအတွက် အခြေခံသက်မွေးပညာသင်တန်းများ ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ပါသည်။ ပညာရေးတစ်ပိုင်းတစ်စဖြင့် လုပ်ငန်းခွင်ရောက်ရှိနေသူများကိုလည်း ပညာသင်ယူမှုအခွင့်အလမ်းများရရှိစေရေးနှင့် ပညာရေးလမ်းကြောင်းပေါ် ပြန်လည်ရောက်ရှိနိုင်ရေးတို့အတွက် လုပ်ငန်းခွင်ကျွမ်းကျင်မှုမှ အစပြုပြီး ပညာရေးလမ်းကြောင်းဆီသို့ ကူးပြောင်းနိုင်အောင် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်ကြသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများသည် ၎င်းတို့သွားရောက်လုပ်ကိုင်သည့် နိုင်ငံများမှ ဥပဒေအောက်တွင်သာ နေထိုင်ကြရပြီး အချို့အလုပ်သမားများသည် မတရားသဖြင့် ဖိနှိပ်ခံရမှုများရှိသည်ဟု သိရှိရပါသည်။ ပြည်ပသို့ သွားရောက်လုပ်ကိုင်ခြင်းထက် ဘဝလုံခြုံမှုရှိသည့် ပြည်တွင်း၌ လုပ်ကိုင်မည်ဆိုပါက ကြီးပွားတိုးတက်နိုင်မည့် အခွင့်အလမ်းများ ရှိပြီးဖြစ်ပါသည်။ ထို့ကြောင့် ပြည်ပသို့သွားရောက်လုပ်ကိုင်ကြမည့်အစား ပြည်တွင်း၌သာအလုပ်လုပ်ကိုင်ကြပြီး နိုင်ငံသားအားလုံး နိုင်ငံတော်၏အရိပ်အာဝသအောက်တွင် ပျော်ရွှင်အေးချမ်းစွာဖြင့် နေထိုင်နိုင်စေရေး သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများက ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါသည်။

ဘေးကင်းလုံခြုံသော ရွှေ့ပြောင်းသွားလာနေထိုင်မှု ဖြစ်စေရေးအတွက် ပြည်တွင်း ပြည်ပတွင် အလုပ်လုပ်ကိုင်နေကြသော မြန်မာအလုပ်သမားများ၏အခက်အခဲများကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် Complaint Mechanism Center တစ်ခုစီဖွင့်လှစ်၍ အလုပ်သမားရေးရာကိစ္စများကို လက်ခံဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့အပြင် သက်ဆိုင်ရာနိုင်ငံသံရုံးများ၊ အေဂျင်စီများ၊ ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီရေးဗဟိုဌာန (Migrant Workers Resource Center) များ၊ သတင်းမီဒီယာများ၊ လူမှုရေးအဖွဲ့အစည်းများမှတစ်ဆင့် တိုင်ကြားမှုများကို လက်ခံဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါသည်။ မြန်မာအလုပ်သမားအများစုသွားရောက်လုပ်ကိုင်နေကြသည့် ကိုရီးယားနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့တွင် အလုပ်သမားသံအရာရှိများထား၍ ၎င်းတို့၏အခက်အခဲများကို သက်ဆိုင်ရာနိုင်ငံနှင့် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

နိုင်ငံတော်၏ အဓိကကုန်ထုတ်စွမ်းအားစုဖြစ်သော အလုပ်သမားကြီးများသည် လူမှုဘဝလုံခြုံရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ပိုမိုရရှိခံစားနိုင်ပြီး လူမှုဖူလုံရေးစနစ်အပေါ် ပြည်သူများယုံကြည်ကိုးစားမှု ပိုမိုတိုးပွားလာစေခြင်းဖြင့် ကုန်ထုတ်လုပ်မှုတိုးတက်ပြီး နိုင်ငံတော်၏စီးပွားရေးကို များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ပါသည်။ ထိုကဲ့သို့သောရည်ရွယ်ချက်ဖြင့် အလုပ်သမားဆေးရုံကြီးများ၊ လူမှုဖူလုံရေးဆေးခန်းများ၊ ဌာနကြီးဆေးခန်းများ၊ တိုင်းရင်းဆေးခန်းနှင့် ရွှေ့လျားဆေးကုသယာဉ်များအပြင် စာချုပ်ဆေးခန်းများ ဖွင့်လှစ်ပြီး အာမခံအလုပ်သမားများအား ကျန်းမာရေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

အလုပ်သမားများ ဘေးကင်းလုံခြုံ၍ ကျန်းမာရေးနှင့်ညီညွတ်သောလုပ်ငန်းခွင်တွင် အလုပ်လုပ်ကိုင်နိုင်ခွင့်၊ ကျွမ်းကျင်မှုနှင့် ကြိုးစားအားထုတ်မှုတို့အပေါ် မူတည်၍ သင့်တင့်မျှတသော လုပ်ခလစာနှင့် လုပ်ငန်းခွင်တွင် တန်းတူညီမျှခွင့် စသည့် အခွင့်အရေးများ ရရှိရန် အလုပ်သမားဥပဒေများနှင့်အညီ စစ်ဆေးစည်းကြပ်ပေးလျက်ရှိပါသည်။

ထို့အပြင် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်း ၂၀၁၉ ခုနှစ်မှစ၍ (၅)နှစ်စီမံကိန်းများ ရေးဆွဲဆောင်ရွက်လျက်ရှိရာ စက်မှုကုန်ထုတ်ကဏ္ဍနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးကဏ္ဍတို့ကို ဦးစားပေးနယ်ပယ်အဖြစ် သတ်မှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အရွယ်မတိုင်မီ ကျောင်းထွက်၍ အလုပ်လုပ်ကိုင်ကြခြင်းမှာ နိုင်ငံအနာဂတ်အတွက် အသိပညာရှင်၊ အတတ်ပညာရှင်များ လျော့နည်းစေပါသဖြင့် ကလေးအလုပ်သမားပပျောက်ရေးကို အားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြစေလိုပါသည်။

နိုဂုံးချုပ်အနေဖြင့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် အလုပ်သမားကြီးများ အပါအဝင် နိုင်ငံသားအားလုံး၏ လူမှုစီးပွားဘဝမြှင့်တင်ရေး၊ ကိုယ်စိတ်နှလုံးချမ်းမြေ့စွာဖြင့် နေထိုင်နိုင်ရေး၊ ပြည်သူလူထု၏ အဓိကအခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးတို့တွင် အလုပ်သမားထုကြီး၏ အခန်းကဏ္ဍမှာ မြင့်မားစွာပါဝင်လျက်ရှိပါသည်။ ထို့အတွက် အရည်အချင်းပြည့်ဝသော လုပ်သားအင်အားထု ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ရေးတို့ကို အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ အလုပ်သမားကြီးများကလည်း တက်ကြွသည့်အားမာန်များဖြင့် နိုင်ငံကို အလှဆင်ပေးနိုင်ကြပါစေကြောင်းနှင့် နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲကြိုးပမ်းအားထုတ်ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းပါကြောင်း အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ကိုဂုဏ်ပြုလျက် ဤသဝဏ်လွှာကို ပေးပို့အပ်ပါသည်။

အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးမင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆဋ္ဌသင်္ဂါယနာတင် မဟာထေရ်မြတ်တို့အား ပူဇော်သောအားဖြင့် တိပိဋကရေမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝါယာမိန္ဒာဘိဝံသနှင့် တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ပညာဝံသာဘိဝံသတို့ ဝိနယ ပိဋကတ်တော်ကို သင်္ဂါယနာ အမေးအဖြေပြုလုပ်စဉ်။





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀) ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာ မော်ကွန်းကျောက်စာတော်ကို မင်္ဂလာစက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

○ ရှေ့ဖုံးမှ

အဆိုပါ သာသနာ့သမိုင်းဝင် ဆဋ္ဌသင်္ဂါယနာ မဟာဓမ္မသဘင်ကြီး အောင်မြင်ပြီးမြောက်ခဲ့ခြင်း နှစ်(၇၀)ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားကြီးသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသနှင့် နိုင်ငံတော် ဩဝါဒါစရိယ ရွှေကျင်နိကာယ ဂဏာဓိပတိ သောဋ္ဌသမ ရွှေကျင်သာသနာပိုင်ဆရာတော် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရတို့ အမှူးပြုသည့် သက်တော်ရှည် နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ ဆရာတော်ကြီးများ၊ ပိဋကတ်တော်ဆောင် ဆရာတော်ကြီးများ၊ ပြည်ပနိုင်ငံအသီးသီးမှ သံဃရာဇာဆရာတော်ကြီးများ အမှူးပြုသော ပြည်ပသံဃာတော်များ၊ ပိဋကတ်အကျော်အမော် ဆရာတော်ကြီးများ၊ ပရိယတ္တိဝန်ဆောင်၊ ပဋိပတ္တိဝန်ဆောင်ဆရာတော်သံဃာတော် အရှင်သူမြတ်များ စုံစုံညီညီ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်သမ္မတနှင့် ဇနီးတို့နှင့်အတူ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့် ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဦးအောင်လင်းဒွေးနှင့် ဇနီး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာသံရုံးများမှ သံအမတ်ကြီးများ၊ စစ်သံမှူးများနှင့် တာဝန်ရှိသူများ၊ ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ အခမ်းအနားအစီအစဉ် ပထမပိုင်းကို စတင်ကျင်းပပြုလုပ်ရာ ပိဋကသုံးပုံကို မင်္ဂလာဆင်ဖြူတော် ရတနာဖြင့် ပင့်ဆောင်၍ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးအား လက်ယာရစ်လှည့်လည် ပူဇော်ကြည်ညိုကြသည်။

**ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် မော်ကွန်းကျောက်စာတိုင်ဖွင့်ပွဲ**

ထို့နောက် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် မော်ကွန်း ကျောက်စာတိုင်ဖွင့်ပွဲအခမ်းအနားကို "နမောတဿ"သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး နိုင်ငံတော်သမ္မတက မဟာမင်္ဂလာ မော်ကွန်းကျောက်စာတော်ကို မင်္ဂလာစက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က မော်ကွန်းကျောက်စာတော်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် မင်္ဂလာဆင်ဖြူတော်ရတနာဖြင့် ပင့်ဆောင်လာသည့် ပိဋကသုံးပုံကို လိုဏ်ဂူတော်အတွင်းသို့ ပင့်ဆောင်ချိန်၌ အတူတကွလိုက်ပါ၍ သတ်မှတ်နေရာအသီးသီး၌ နေရာယူကြပြီး ဆရာတော် သံဃာတော်ကြီးများ ကြွရောက်လာမှုအား ကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော်ကြီးက ဆဋ္ဌသင်္ဂါယနာတင် အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် ဆီမီးထွန်းညှိပူဇော်သည်။

**ဆဋ္ဌသင်္ဂါယနာတင် အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာ အခမ်းအနား**

ယင်းနောက် ဆဋ္ဌသင်္ဂါယနာတင် အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားကို "နမောတဿ"သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး လိုဏ်ဂူတော် ပတ်လည်ရှိ ခေါင်းလောင်း ၁၀၈ လုံး တို့ကို တစ်ပြိုင်တည်း ကိုးချက် ထိုး၍ ပူဇော်ကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်ကြီးများ၊ နိုင်ငံတော် သမ္မတနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ဆဋ္ဌသင်္ဂါယနာတင် သမိုင်းဝင် မှတ်တမ်းဗီဒီယိုကို ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူ ဆောက်တည်ကြပြီး သံဃာတော် အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည့် မေတ္တသုတ် ပရိတ်တရားတော်ကို နာယူကြည်ညိုကြသည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော်ကြီးက သာရဏီယ ကထာကို မြွက်ကြားတော်မူပြီး သီတဂူဆရာတော်ကြီးက သမ္မောဒနီယ ကထာကို မြွက်ကြားချီးမြှင့်တော်မူသည်။

ဆက်လက်၍ ဆဋ္ဌသင်္ဂါယနာတင် မဟာထေရ်မြတ်တို့အား ပူဇော်သောအားဖြင့် တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝါယာမိန္ဒာဘိဝံသနှင့် တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ပညာဝံသာဘိဝံသတို့က ဝိနယပိဋကတ်တော်ကို သင်္ဂါယနာ အမေးအဖြေပြုလုပ်ပြီး သံဃာတော်အရှင်သူမြတ်တို့က စုပေါင်းသံပြိုင်ရွတ်ဆိုပူဇော်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က သာသနာရေးဆိုင်ရာများနှင့် ပတ်သက်၍ လျှောက်ထား တင်ပြရာတွင် သာသနာ့သမိုင်းဝင် ဆဋ္ဌသင်္ဂါယနာ မဟာဓမ္မသဘင်ကြီး အောင်မြင်ပြီးမြောက်ခဲ့ခြင်း နှစ်(၇၀)ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာ အခမ်းအနားကြီးသို့ ကြွရောက်တော်မူလာကြသော သက်တော်ရှည် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ ဆရာတော်ကြီးများ၊ ပိဋကတ်တော်ဆောင် ဆရာတော်ကြီးများ၊ ပြည်ပနိုင်ငံအသီးသီးမှ သံဃရာဇာ ဆရာတော်ကြီးများ၊ ပိဋကတ် အကျော်အမော် ဆရာတော်ကြီးများ၊ ပရိယတ္တိဝန်ဆောင်၊ ပဋိပတ္တိဝန်ဆောင် ဆရာတော် သံဃာတော် အရှင်သူမြတ်အပေါင်းတို့ကို စုံစုံညီညီ ကျန်းမာချမ်းသာ ဖူးမြော်ကြည်ညိုခွင့်ရပါသဖြင့် သဒ္ဓါယိုဖိတ်ကုသိုလ်စိတ်များ အတိုင်းမသိပွားများရပါကြောင်း၊ ထို့ပြင် တပည့်တော်တို့ နိုင်ငံတော် အစိုးရသစ် တာဝန်ယူချိန်တွင် ဤသို့သော အခမ်းအနားကြီးနှင့် ကြုံကြိုက်ရပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားခွင့်ရရှိခြင်းနှင့် သံဃာ့ဝေယျာဝစ္စများ ဆောင်ရွက်ခွင့် ရရှိခြင်းတို့အတွက်လည်း အထူးပင်ဂုဏ်ယူဝမ်းမြောက်မိသည်ကို ဦးစွာ လျှောက်ထားအပ်ပါကြောင်း။

သင်္ဂါယနာတင်ခြင်း အဓိပ္ပာယ်မှာ ဗုဒ္ဓအဆုံးအမ တရားတော်များကို **"အညီအညွတ် စုပေါင်းရွတ်ဆိုမှတ်တမ်းတင်ခြင်း"**ဟု တပည့်တော်များ မှတ်သားထားမိပါကြောင်း၊ မြတ်စွာဘုရားရှင်သည် သမ္မာသမ္ဗုဒ္ဓအဖြစ်သို့ ရောက်ရှိပွင့်ထွန်းတော်မူသည်မှ မဟာပရိနိဗ္ဗာန် စံဝင်သည် အထိ ၄၅ ဝါ

စာမျက်နှာ ၅ သို့ »»





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀) ပြည့်အထိမ်းအမှတ်ပြခန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

»»» စာမျက်နှာ ၄ မှ

ကာလပတ်လုံး မြွက်ဟထုတ်ဖော် ဟောကြားတော်မူခဲ့သည့် တရားတော်များသည် သတ္တဝါတစ်ဦးတစ်ယောက်မှအစ သတ္တဝါအများတို့ နေထိုင်ရာလောကကြီး၌ ဓမ္မတရားထွန်းပရေး၊ အဓမ္မတရားများ ပယ်ရှားနိုင်ရေးအတွက် ဖြစ်ကြောင်း မှတ်သားမိပါကြောင်း။

ဗုဒ္ဓရှင်တော်မြတ် မြွက်ဟထုတ်ဖော် ဟောကြားခဲ့သော တရားတော်များသည် မြတ်စွာဘုရားရှင်ပရိနိဗ္ဗာန်စံရာကာလတွင်းပင် သာသနာတော်အတွင်းနေ ပုဂ္ဂိုလ်အချို့တို့၏ ထိပါးပုတ်ခတ်ခြင်းခံခဲ့ရပါကြောင်း၊ ထိုအခြေအနေကို သိမြင်တော်မူသော တပည့်ကြီးဖြစ်သည့် အရှင်မဟာကဿပမထေရ်မြတ်ကြီးက ဓမ္မသံဝေဂရတော်မူပြီး **"ငါ့ရှင်တို့ မတရား အဓမ္မဝါဒ မထွန်းပမီ၊ တရားဓမ္မ တားမြစ်ပိတ်ပင်ခြင်း မခံရမီ၊ အဓမ္မဝါဒီပုဂ္ဂိုလ် အင်အားမကောင်းမီ၊ ဓမ္မဝါဒီပုဂ္ဂိုလ်အင်အား မနည်းမီ ဓမ္မဝိနယကို သင်္ဂါယနာတင်ကြကုန်စို့"** ဟု တိုက်တွန်းနှိုးဆော်တော်မူခဲ့ပြီး ပထမသင်္ဂါယနာတင်ရန် မိန့်မြွက်တော်မူခဲ့သည်ကို လေ့လာမှတ်သားဖူးပါကြောင်း။

မြတ်စွာဘုရားရှင်သည် သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်ရှိတော်မူပြီး ကျွတ်ထိုက်သော ဝေနေယျသတ္တဝါအပေါင်းတို့ကို ၄၅ ဝါ ကာလပတ်လုံး ဟောဖော်ညွှန်ပြ ချေချွတ်တော်မူခဲ့ပါကြောင်း၊ ဘုရားရှင်သက်တော် ၈၀ အရွယ်တွင် မဟာပရိနိဗ္ဗာန်ပြုတော်မူပြီး သုံးလလေးရက်မြောက် ဝါခေါင်လပြည့်ကျော် ၅ ရက်နေ့တွင် အိန္ဒိယနိုင်ငံ မဂဓတိုင်း ရာဇဂြိုဟ်မြို့ ဝေဘာရတောင်နံပါး လိုဏ်ဂူတော်ကြီးအနီးတွင် အရှင်မဟာကဿပမထေရ်အမှူးရှိသော ရဟန္တာအရှင်မြတ်ငါးရာတို့ ပထမသင်္ဂါယနာ တင်တော်မူခဲ့သည်ကို မှတ်သားရပါကြောင်း။

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူပြီး နှစ် ၁၀၀ အကြာတွင် အိန္ဒိယနိုင်ငံ ဝေသာလီမြို့ ဝါလိကာရုံ ကျောင်းတိုက်ကြီး၌ အရှင် မဟာယသမထေရ် အမှူးရှိသော ရဟန္တာအရှင်မြတ် ၇၀၀ တို့ဖြင့် ဒုတိယသင်္ဂါယနာကို တင်တော်မူခဲ့ပါကြောင်း၊ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူပြီး ၂၃၅ နှစ်မြောက်တွင် အိန္ဒိယနိုင်ငံ ပါဋလိပုတ်မြို့၌ အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်အမှူးရှိသော ရဟန္တာအရှင်မြတ် ၁၀၀၀ တို့ဖြင့် တတိယသင်္ဂါယနာကို တင်တော်မူခဲ့ကြောင်းနှင့် မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူပြီး နှစ်ပေါင်း ၄၅၀ အကြာတွင်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀) ပြည့်အထိမ်းအမှတ်ပြခန်းအတွင်း လှည့်လည်ကြည့်ရှုစဉ်။

သီရိလင်္ကာနိုင်ငံ မထုလ-မလယဇနပုဒ် အာလောကလိုဏ်ဂူတော်ကြီး၌ အရှင်မဟာဓမ္မရက္ခိတမထေရ်အမှူးရှိသော ရဟန္တာအရှင်မြတ် ၅၀၀ တို့က စတုတ္ထသင်္ဂါယနာကို ပေထက်အက္ခရာ တင်ခဲ့ကြသည်ကို လေ့လာမှတ်သားရပါကြောင်း။

သာသနာတော်နှစ် ၂၄၁၅၊ ကောဇာသက္ကရာဇ် ၁၂၁၈ ခုနှစ်တွင် မိမိတို့မြန်မာနိုင်ငံ မန္တလေးမြို့ ရွှေနန်းတော်ပြာသာဒ်ဦး မြေနန်းတော်ရှိ ဒက္ခိဏာရာမ ဘုရားကြီးတိုက် ဆရာတော်ကြီး ဘဒ္ဒန္တဇာဂရာဘိဝံသ မဟာထေရ်မြတ် အမှူးပြုသော သမ္မုတိသံဃာတော် ၂၄၀၀ တို့က မင်းတုန်းမင်းတရားကြီး၏ ပစ္စည်းလေးပါး အထောက်အပံ့ကို ခံယူကာ ပဉ္စမသင်္ဂါယနာတင်တော်မူခဲ့ကြပြီး ကျောက်ထက်အက္ခရာ တင်ခဲ့ကြပါကြောင်း၊ နှစ်ပေါင်း ၂၀၀၀ ခန့်လွန်ပြီးမှ ဆောင်ရွက်နိုင်ခဲ့သော သင်္ဂါယနာဖြစ်သော်လည်း မြန်မာနိုင်ငံအတွက် ဂုဏ်ယူဝမ်းမြောက်ဖွယ်ဖြစ်ပါကြောင်း။

သာသနာတော်နှစ် ၂၄၉၈၊ ကောဇာသက္ကရာဇ် ၁၃၁၆ ခုနှစ်၊ ကဆုန်လပြည့် (ဗုဒ္ဓနေ့)မှစ၍ သာသနာတော်နှစ် ၂၅၀၀၊ ကောဇာသက္ကရာဇ် ၁၃၁၈ ခုနှစ် ကဆုန်လပြည့် (ဗုဒ္ဓနေ့)အထိ မန္တလေးမြို့ မိုးကောင်းတိုက် ညောင်ရမ်းဆရာတော်ကြီး အမှူးပြုသော သံဃာတော် ၂၅၀၀ တို့က ဆဋ္ဌသင်္ဂါယနာတင်တော်မူခဲ့သည်မှာ ယခုအခါ နှစ်(၇၀) ပြည့်မြောက်ပြီ ဖြစ်ပါကြောင်း။

ဆဋ္ဌသင်္ဂါယနာတင်တော်မူရာ ဤမြေမြတ်မဟာ ကမ္ဘာအေးကုန်းမြေကြီးသည် ယခင်က အင်းစိန်ခရိုင် သမိုင်းမြို့နယ် ရေကူး ရွာမရပ်ကွက်အတွင်းရှိ ရော်ဘာခြံကြီးဖြစ်ပြီး စုစုပေါင်း မြေဧရိယာ ၁၆၈ ဒသမ ၁၅၇ ဧက ရှိပါကြောင်း၊ ထိုမြေပေါ်၌ ၁၉၅၀ ပြည့်နှစ်တွင် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်၊ ၁၉၅၃ ခုနှစ်တွင် ယခုအခမ်းအနားကျင်းပရာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးနှင့် ကျောင်းဆောင်ကြီး လေးဆောင်၊ သုံးထပ်ဆွမ်းစားဆောင်၊ မဟာသိမ်တော်ကြီး၊ ပိဋကပုံနှိပ်တိုက်၊ ဗုဒ္ဓသာသနာ့သံဃာ့ဆေးရုံတို့ကို တည်ဆောက်ခဲ့ပြီး ၁၉၅၄ ခုနှစ်တွင် ပိဋကတ်တိုက်ကို တည်ဆောက်ခဲ့သည်ဟု သိရှိရပါကြောင်း။

ထိုသို့ကြိုတင်ဆောင်ရွက်ဖွယ်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက် ဆဋ္ဌသင်္ဂါယနာ မဟာဓမ္မသဘင်ဖွင့်ပွဲ အခမ်းအနားကို ၁၉၅၄ ခုနှစ် မေလ ၁၈ ရက်နေ့မှ ၂၀ ရက်နေ့အထိ သုံးရက်တိုင်တိုင် ကျင်းပခဲ့ပြီး ညောင်ရမ်းဆရာတော်ကြီးက ဝန်ဆောင်အဖွဲ့ သံဃမဟာနာယက ဥက္ကဋ္ဌ ဗားကရာတောရဆရာတော်က အကျိုးတော်ဆောင်အဖြစ် ဆောင်ရွက်ခဲ့ပါကြောင်း၊ ဆဋ္ဌသင်္ဂါယနာ ဒါယကာအဖြစ် နိုင်ငံတော်သမ္မတ ဒေါက်တာဦးဘဦး၊ ဆဋ္ဌသင်္ဂါယနာ ပစ္စယာနုဂ္ဂဟအဖြစ် နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ဥက္ကဋ္ဌ သူဌေးကြီး ဆာဦးသွင်တို့က ခံယူခဲ့ကြပါကြောင်း။

နိုင်ငံတော်သမ္မတ ဒေါက်တာဦးဘဦး၊ နိုင်ငံတော်ဝန်ကြီးချုပ်ဦးနု၊ နိုင်ငံတော်ရှေ့နေချုပ်ဦးချန်ထွန်း၊ အမျိုးသားစီမံကိန်းနှင့်သာသနာရေးဝန်ကြီးဌာနဝန်ကြီးဦးဝင်း၊ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ဥက္ကဋ္ဌ ဆာဦးသွင်၊ ဒုတိယဥက္ကဋ္ဌ ဦးသိမ်းမောင်တို့က အခမ်းအနား တက်ရောက်ပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားခြင်း၊ ထောမနာစာတမ်းများ ဖတ်ကြားခြင်းတို့ကို ဆောင်ရွက်ခဲ့သည်ဟု သိရှိရပါကြောင်း။

စာမျက်နှာ ၆ သို့ »»»

**❝ ဘုရားတပည့်တော်တို့ ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် အစဉ်တစိုက် ကြိုးပမ်းအားထုတ်တော်မူကြပါကုန်သော ပရိယတ္တိဝန်ဆောင်၊ ပဋိပတ္တိဝန်ဆောင် ဆရာတော်အရှင်သူမြတ်တို့က နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့အပေါ်တရားဓမ္မဖြင့် ချီးမြှင့်ထောက်ပံ့ခြင်း ဓမ္မာနုဂ္ဂဟဖြင့်လည်းကောင်း၊ နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့က ဆရာတော်အရှင်သူမြတ်တို့အား ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါး လှူဒါန်းထောက်ပံ့ခြင်း ပစ္စယာနုဂ္ဂဟဖြင့်လည်းကောင်း၊ ဆရာဒကာ လက်တွဲညီစွာ ဆောင်ရွက်သွားပါက ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီး ကမ္ဘာတည်သရွေ့ သန့်ရှင်းတည်တံ့ပြန့်ပွားကာ ကမ္ဘာ့နိုင်ငံအသီးသီးသို့ တိုင်အောင် ထွန်းကားပြန့်ပွားမည်မှာ မလွဲကေန် အမှန်ပင်ဖြစ် ❞**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဦးခင်ရီနှင့် ဇနီးတို့ သီတဂူဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရ ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးနှင့်ဇနီးတို့ မစိုးရိမ်တိုက်သစ်ဆရာတော်ကြီး ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

»»» စာမျက်နှာ ၅ မှ

ထို့ပြင် ပြည်ပနိုင်ငံများဖြစ်သော ထိုင်း၊ သီရိလင်္ကာ၊ ကမ္ဘောဒီးယား၊ လာအို၊ အိန္ဒိယ၊ နီပေါ၊ ဂျပန်နှင့် ဗြိတိန်စသော နိုင်ငံများမှ ဘုရင်မင်းမြတ်များ၊ ဝန်ကြီးချုပ်များ၊ ဝန်ကြီးများနှင့် အစိုးရအဖွဲ့ ကိုယ်စားလှယ်များ၊ တစ်ဦးချင်း ကိုယ်စား လှယ်များ၊ ဗုဒ္ဓဘာသာဆိုင်ရာ ကိုယ်စားလှယ်များ၊ သံဃာ့ဂိုဏ်းအသီးသီးမှ ဂဏာဓိပတိ၊ ဂဏာ စရိယ၊ ဂဏပါမောက္ခ၊ ဂဏာနာယကပုဂ္ဂိုလ်များက သဝဏ်လွှာပေးပို့ခြင်း၊ အခမ်းအနား တက်ရောက်ခြင်း၊ သင်္ဂါယနာတင် လုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းများကို သိရှိရသဖြင့်လည်း လွန်စွာဝမ်းမြောက်မိပါကြောင်း။

ပိဋကသုံးပုံ ပါဠိတော်ကို သင်္ဂါယနာတင်ရာတွင် ၁၉၅၄ ခုနှစ်၌ ပါဠိတော် ပထမသန္နိပါတ **(စုပေါင်း၊ စုဝေး၊ စိစစ်၊ အတည်ပြုခြင်း)**မှ ၁၉၅၆ ခုနှစ် ပဉ္စမသန္နိပါတ **(စုပေါင်း၊ စုဝေး၊ စိစစ်၊ အတည်ပြုခြင်း)**အထိ နှစ်နှစ်ခန့် ကြာမြင့်ခဲ့ပါကြောင်း။

ပါဠိတော်များကို သန္နိပါတ ၅ တန်ဖြင့် သင်္ဂါယနာတင်တော်မူပြီးနောက် အဋ္ဌကထာများကို ၁၉၅၆ ခုနှစ်မှ ၁၉၅၉ ခုနှစ်အထိ သန္နိပါတ ၄ တန်ဖြင့်လည်းကောင်း၊ ဋီကာများကို ၁၉၆၀ ပြည့်နှစ်မှ ၁၉၆၂ ခုနှစ်အထိ သန္နိပါတ ၂ တန်ဖြင့်လည်းကောင်း သင်္ဂါယနာ ဆက်လက်တင်တော်မူခဲ့သည်ဟု သိရှိရပါကြောင်း။

ထိုသို့ ဆဋ္ဌသင်္ဂါယနာတင် မဟာဓမ္မသဘင်ကြီး ခြိမ့်ခြိမ့်သဲသဲ ကျင်းပခဲ့သော မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီး၊ ဥက္ကာရကုရုစသော ကျောင်းဆောင်ကြီးလေးဆောင်၊ မဟာသိမ်တော်ကြီး၊ သုံးထပ်ဆွမ်းစားကျောင်းဆောင်၊ ပိဋကတ်ပုံနှိပ်တိုက်၊ ပိဋကတ်ပြတိုက်၊ မဟာနာယက ကျောင်းတော်ကြီးနှင့် ဝိဇယမင်္ဂလာဓမ္မသဘင်တို့ကို ယခုဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် မဟာမင်္ဂလာ အခမ်းအနားကြီး ကျင်းပခြင်းမပြုမီ ကြိုတင်၍ ရှေးမူမပျက် ပြင်ဆင်မွမ်းမံခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင် မွမ်းမံခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီးတို့ တပ်ကုန်းမြို့ဦးကျောင်းတိုက် ဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ဆဋ္ဌသင်္ဂါယနာတင် ပါဠိတော်မူများကို နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများထံ ဩဝါဒခံယူ၍ ရွှေသုဝဏ်ဆရာတော်ကြီး ဘဒ္ဒန္တသဒ္ဓိယ ဦးဆောင်သောအဖွဲ့က စီမံထားသော ပိဋကသုံးပုံ ပါဠိတော် ကွန်ပျူတာမူ၊ ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ ပထမဆုံးပါမောက္ခချုပ် ဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တသီလာနန္ဒာ ဘိဝံသ ဦးဆောင်သောအဖွဲ့က စီမံထားသော ပိဋကသုံးပုံပါဠိတော်၊ ရိုမန်အက္ခရာမူတို့ဖြင့် နေပြည်တော် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော် ပရိဝုဏ်အတွင်း၌ ကျောက်စာရေးထိုးထွင်းထု ပူဇော်နိုင်ခဲ့ပါကြောင်း၊ ထိုသို့ ထွင်းထုပူဇော်ရာတွင် ဝိနယပိဋက၊ သုတ္တန္တပိဋက၊ အဘိဓမ္မပိဋကတို့ကို မြန်မာ၊ ပါဠိ၊ ရိုမန်အက္ခရာတို့ဖြင့် ကျောက်စာရုံ စေတီ ၇၂၀ တည်ထားခဲ့ပြီး စေတီတော်တစ်ဆူလျှင် မြန်မာအက္ခရာပါဠိတစ်ဖက်၊ ရိုမန်အက္ခရာပါဠိ တစ်ဖက်ဖြင့် ကျောက်စာချပ်ရေ ၁၄၄၀ ကို ရေးထွင်းထားခြင်းဖြစ်ပါကြောင်း။

ထိုကျောက်စာရုံ စေတီတော်များ ရွှေထီးတော်တင်လှူခြင်း မဟာမင်္ဂလာ အခမ်းအနားကို မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲနှင့် အတူ ၁၃၈၅ ခုနှစ် ဒုတိယ ဝါဆိုလပြည့်နေ့ ၂၀၂၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် နိုင်ငံတော်အဆင့် မဟာမင်္ဂလာ အခမ်းအနားကြီးအဖြစ် ခမ်းနားထည်ဝါစွာ ဆောင်ရွက်ခဲ့ပါကြောင်း။

ထို့ပြင် ကျောက်စာတော်မူများကို နိုင်ငံတကာအဆင့်မီ စာအုပ် ထုတ်ဝေနိုင်ရေး ဆောင်ရွက်ခြင်း၊ Mobile Tablet များတွင် ထည့်သွင်း၍ ဒီဂျစ်တယ်စနစ်ဖြင့် မှတ်တမ်းတင်ခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်မှာ မြန်မာနိုင်ငံ၏ ပဉ္စမနှင့် ဆဋ္ဌသင်္ဂါယနာတင်တော်မူခြင်းများ၏ အောင်မြင်မှုကို သမိုင်းမော်ကွန်း ထပ်ဆင့်ရေးထိုးနိုင်ခြင်းဖြစ်ပြီး ဗုဒ္ဓမြတ်စွာဘုရား၏ ပရိယတ္တိ သာသနာတော်မြတ်ကြီးကို ချီးမြှောက်နိုင်ခဲ့ခြင်းပင်ဖြစ်သည်ကို လျှောက်ထားအပ်ပါကြောင်း။

ထို့ပြင် သင်္ဂါယနာလုပ်ငန်း၏ ပဓာနဖြစ်သော ပိဋကကျမ်းစာများကို ခဲစာလုံးမူမှ ကွန်ပျူတာမူအဖြစ်သို့ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာအားလုံးတို့ကို အစုံလိုက် အတွဲလိုက် ပြန်လည်ရိုက်နှိပ်နိုင်ရေးကိုလည်း ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုအခါ အဋ္ဌကထာ ၅၁ အုပ်ကို အစုံလိုက် ရိုက်နှိပ်ပြီးဖြစ်၍ ပရိယတ္တိဝန်ဆောင် ဆရာတော် အရှင်မြတ်များနှင့် ပရိယတ္တိ စာသင်တိုက်ကြီးများသို့ လှူဒါန်းလျက်ရှိသည်ကို သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ပါရန် လျှောက်ထားအပ်ပါကြောင်း။

ဘုရားတပည့်တော်တို့ ထေရဝါဒ ဗုဒ္ဓသာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် အစဉ်တစိုက် ကြိုးပမ်းအားထုတ်တော်မူကြပါကုန်သော ပရိယတ္တိ ဝန်ဆောင်၊ ပဋိပတ္တိ ဝန်ဆောင် ဆရာတော်အရှင်သူမြတ်တို့က နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့အပေါ် တရားဓမ္မဖြင့် ချီးမြှင့်ထောက်ပံ့ခြင်း ဓမ္မာနုဂ္ဂဟဖြင့်လည်းကောင်း၊ နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့က ဆရာတော်အရှင်သူမြတ်တို့အား ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါး လှူဒါန်းထောက်ပံ့ခြင်း ပစ္စယာနုဂ္ဂဟဖြင့် လည်းကောင်း၊ ဆရာဒကာ လက်တွဲညီစွာ ဆောင်ရွက်သွားပါက ထေရဝါဒ ဗုဒ္ဓ သာသနာတော်မြတ်ကြီး ကမ္ဘာတည်သရွေ့ သန့်ရှင်းတည်တံ့ ပြန့်ပွားကာ ကမ္ဘာ့နိုင်ငံအသီးသီးသို့တိုင်အောင် ထွန်းကားပြန့်ပွားမည်မှာ မလွဲဧကန် အမှန်ပင်ဖြစ်ပါကြောင်း။ ဆရာတော် အရှင်သူမြတ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် သာသနာ့ဝန်၊ ခန္ဓာ့ဝန်ကို လွယ်ကူချမ်းသာစွာ ဆောင်ရွက်နိုင်ပါစေကြောင်းနှင့် ထေရဝါဒ ဗုဒ္ဓသာသနာတော်မြတ်ကြီး နေလို၊ လလို ထွန်းလင်း တောက်ပနိုင်ရေးအတွက် ပြုသမျှသော ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ကောင်းမှု အစုစုအဖြာဖြာသည် မဂ်၊ ဖိုလ်၊ နိဗ္ဗာန် ရောက်ကြောင်း အထောက်အပံ့ကောင်းဖြစ်ပါစေရန် ဆုမွန်ကောင်းတောင်းတော်မူပါကြောင်း လျှောက်ထားတင်ပြသည်။

ယင်းနောက် သံဃာအပါး ၁၀၀၀ နှင့်အထက် ပရိယတ္တိစာသင်တိုက်ကြီးဖြစ်သည့် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် စိန်ပန်းရပ်ကွက် မစိုးရိမ်တိုက်သစ်၏ သဝဏ်လွှာ၊ အမရပူရမြို့နယ် ဆင်စွယ်ပွတ်ရပ်ကွက်၊ မဟာဂန္ဓာရုံ ကျောင်းတိုက်၏ သဝဏ်လွှာ၊ သီရိလင်္ကာနိုင်ငံ၊ သျှာမနိကာယ ကောတေချပ်ပတာ အနုနာယက ဘဒ္ဒန္တကောဋ္ဌပိတိယေ ရာဟုလာထေရ်တို့၏ သဝဏ်လွှာများကို ဆရာတော်ကြီးများက ဖတ်ကြားတော်မူကြသည်။

ဆက်လက်၍ နိုင်ငံတော် သမ္မတနှင့်ဇနီးတို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့်ဇနီးတို့က သီတဂူဆရာတော်ကြီးထံသို့ လည်းကောင်း၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့်ဇနီးတို့က မစိုးရိမ်တိုက်သစ်ဆရာတော်ကြီး ထံသို့ လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က တပ်ကုန်း မြို့ဦးကျောင်းတိုက် ဆရာတော်ကြီးထံသို့ လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများက ဆရာတော် သံဃာတော်အရှင်သူမြတ်များထံသို့ လည်းကောင်း လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မ ကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ဝါသေဋ္ဌာ ဘိဝံသထံမှ အနုမောဒနာတရား နာကြား၍ ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ဆက်လက်၍ ဆဋ္ဌသင်္ဂါယနာတင် အောင်ပွဲ နှစ်(၇၀) ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာ အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းခဲ့သည်။

**ဆဋ္ဌသင်္ဂါယနာတင် အောင်ပွဲ နှစ်(၇၀) ပြည့် အထိမ်းအမှတ် အထူးပြပွဲ၊ ဓာတ်ပုံပြခန်းများ ဖွင့်ပွဲ မင်္ဂလာအခမ်းအနား**

ထို့နောက် ဆဋ္ဌသင်္ဂါယနာတင် အောင်ပွဲ နှစ်(၇၀) ပြည့်အထိမ်းအမှတ် အထူးပြပွဲ၊ ဓာတ်ပုံပြခန်းများ ဖွင့်ပွဲမင်္ဂလာအခမ်းအနားကို ဆက်လက် ကျင်းပြုလုပ်ရာ မင်္ဂလာအချိန်တွင် နိုင်ငံတော်သမ္မတက ဆဋ္ဌသင်္ဂါယနာတင် အောင်ပွဲ နှစ်(၇၀) ပြည့်အထိမ်းအမှတ်ပြခန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံသို့ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆဋ္ဌသင်္ဂါယနာတင် အောင်ပွဲ နှစ်(၇၀) ပြည့် အထိမ်းအမှတ် အမှတ်တရလက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀) ပြည့် အထိမ်းအမှတ် ပြခန်းအတွင်း လှည့်လည်ကြည့်ရှုခဲ့ပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## အကျဉ်းသား / သူများ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**

အမိန့်အမှတ် ၅၀/ ၂၀၂၆

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၅ ရက်
( ၂၀၂၆ ခုနှစ်၊ ဧပြီလ ၃၀ ရက် )

**ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် ကျရောက်သည့် ကဆုန်လပြည့် ဗုဒ္ဓနေ့အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်၏ မေတ္တာနှင့် စေတနာကို နားလည်စေရန် ရှေးရှုသောအားဖြင့်လည်းကောင်း ၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်နေ့ (ခရစ်နှစ် ၂၀၂၆ ခုနှစ်၊ ဧပြီလ ၃၀ ရက်) မတိုင်မီ ကျူးလွန်ခဲ့သော ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ ပြစ်ဒဏ်ချမှတ်ခြင်းခံရပြီး အကျဉ်းထောင်/အချုပ်ထောင်/စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား / သူများကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်၏ ခြောက်ပုံတစ်ပုံကို လွတ်ငြိမ်းသက်သာခွင့်ပြုလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အကျဉ်းသား / သူ ၁၅၀၈ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**

အမိန့်အမှတ် ၅၁ / ၂၀၂၆

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၅ ရက်
( ၂၀၂၆ ခုနှစ်၊ ဧပြီလ ၃၀ ရက်)

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် ကျရောက်သည့် ကဆုန်လပြည့် ဗုဒ္ဓနေ့အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်တည်ဆောက်ရေးတွင် ပါဝင်နိုင်စေရန်အတွက်လည်းကောင်း အကျဉ်းထောင် အချုပ်ထောင် / စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား / သူ ၁၅၀၈ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ **"နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"** ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံခြားသားအကျဉ်းသား / သူ ၁၁ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**

အမိန့်အမှတ် ၅၂ / ၂၀၂၆

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၅ ရက်
( ၂၀၂၆ ခုနှစ်၊ ဧပြီလ ၃၀ ရက် )

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် ကျရောက်သည့် ကဆုန်လပြည့် ဗုဒ္ဓနေ့အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့် လည်းကောင်း အကျဉ်းထောင်/ အချုပ်ထောင်အသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော နိုင်ငံခြားသားအကျဉ်းသား / သူ ၁၁ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ **"နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"** ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်နှင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်များအား ကြိုဆို

**မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်**
**သတင်းထုတ်ပြန်ချက် အမှတ် ( ၅ /၂၀၂၆)**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် ၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်နေ့၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့တွင် ကျရောက်သည့် ကဆုန်လပြည့်ဗုဒ္ဓနေ့ အထိမ်းအမှတ်အားဖြင့် လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်၏ မေတ္တာနှင့်စေတနာကို နားလည်စေရန် ရှေးရှုသော အားဖြင့်လည်းကောင်း၊ နိုင်ငံတော်တည်ဆောက်ရေးတွင် ပါဝင်နိုင်စေရန်အတွက်လည်းကောင်း၊ နိုင်ငံ အချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှု၍လည်းကောင်း၊ နိုင်ငံတော်သမ္မတရုံး အမိန့်အမှတ် (၅၀/၂၀၂၆) ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်ဖြင့် အကျဉ်းသား/ သူ တို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်၏ ခြောက်ပုံတစ်ပုံကို လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့ပြီး အမိန့်အမှတ် (၅၁/၂၀၂၆) ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အမိန့်ဖြင့် အကျဉ်းသား/ သူ ၁၅၀၈ ဦးကို စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့သည့်အပြင် အမိန့်အမှတ် (၅၂/၂၀၂၆) ပြစ်ဒဏ် လွတ်ငြိမ်းခွင့်အမိန့်ဖြင့် နိုင်ငံခြားသား အကျဉ်းသား/ သူ ၁၁ ဦးကို စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးခဲ့ပါ သည်။

၂။ ဤကဲ့သို့ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်နှင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးခြင်းများသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များနှင့် နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အထောက်အကူဖြစ်စေ မည့်အပြင် နိုင်ငံခြားသား အကျဉ်းသား/ သူများကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးခြင်းသည် နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးကို မြှင့်တင်ရာရောက်စေမည်ဖြစ်ပါသည်။

၃။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ရရှိသူများ၊ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသူများနှင့် ယင်းတို့၏ မိသားစုဝင်များနည်းတူ ဝမ်းမြောက်ပီတိဖြစ်ရပါကြောင်းနှင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် တစ်တပ်တစ်အား ပါဝင်နိုင်ကြပါစေကြောင်း အလေးအနက်တိုက်တွန်းလျက် ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်နှင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့် များအား ကြိုဆိုပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၃၀ ရက်

## အရှေ့အလယ်ပိုင်းဒေသပဋိပက္ခဆိုင်ရာ အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီဝန်ကြီးများ အထူးအစည်းအဝေးကျင်းပ

နေပြည်တော် ဧပြီ ၃၀

အရှေ့အလယ်ပိုင်းဒေသတွင် ဖြစ်ပွားလျက်ရှိသော ပဋိပက္ခများနှင့်စပ်လျဉ်း၍ အာဆီယံ စီးပွားရေးအသိုက်အဝန်းကောင်စီဝန်ကြီးများ အထူးအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ဖိလစ်ပိုင်နိုင်ငံ ကုန်သွယ်မှုနှင့် စက်မှုဝန်ကြီးဌာန အတွင်းရေးမှူး MA. CRISTINA A.ROQUE က ကြီးမှူး၍ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်ကျင်းပရာ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။




အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက အရှေ့အလယ်ပိုင်းဒေသတွင် ဖြစ်ပွားလျက်ရှိသည့် အခြေအနေများသည် အာဆီယံအတွက် စွမ်းအင်လုံခြုံရေးသာမက စားရေရိက္ခာစနစ်များ၊ ထောက်ပံ့ရေးကွင်းဆက်များနှင့် စီးပွားရေးစွမ်းဆောင်ရည်များကိုပါ ထိခိုက်စေနိုင်သည့် စိန်ခေါ်မှုများဖြစ်ပေါ်စေပါကြောင်း၊ ကမ္ဘာ့စွမ်းအင်ဈေးကွက် မတည်ငြိမ်မှုများသည် စွမ်းအင်တင်သွင်းမှုအပေါ် အထူးမှီခိုနေရသည့် နိုင်ငံများကို ထိခိုက်စေသဖြင့် နေရောင်ခြည်စွမ်းအင်၊ လေစွမ်းအင်နှင့် ရေအားလျှပ်စစ်ကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များတွင် ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုအရှိန်မြှင့်တင်သင့်ပါကြောင်း၊ ထို့ပြင် အရှေ့အလယ်ပိုင်းအကျပ်အတည်းသည် ကမ္ဘာ့စားရေရိက္ခာထောက်ပံ့ရေးကွင်းဆက်နှင့် ဈေးနှုန်းတည်ငြိမ်မှုအပေါ် သက်ရောက်နိုင်မှုများနှင့်ပတ်သက်၍ ကုန်သွယ်ရေးလမ်းကြောင်းများ ပြတ်တောက်ခြင်းနှင့် သယ်ယူပို့ဆောင်ရေးစရိတ် မြင့်တက်လာခြင်းတို့သည် စားရေရိက္ခာတင်သွင်းရသည့် စီးပွားရေးလုပ်ငန်းများအပေါ် ဖိအားဖြစ်စေပါကြောင်း၊ ထို့ကြောင့် အရေးပေါ်စားရေရိက္ခာ အရန်ထားရှိမှုများကိုမြှင့်တင်ခြင်း၊ ရာသီဥတုဒဏ်ခံနိုင်သော စိုက်ပျိုးရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံခြင်းနှင့် ကုန်သွယ်ရေးစီးဆင်းမှုများတွင် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများကို ခိုင်ခိုင်မာမာဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ထို့အပြင် ပြည်ထောင်စုဝန်ကြီးက အာဆီယံအနေဖြင့် အာဆီယံစီးပွားရေးအသိုက်အဝန်း မဟာဗျူဟာလုပ်ငန်းစဉ် (၂၀၂၆-၂၀၃၀) အောက်ရှိလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုနက်ရှိုင်းစွာ ဆောင်ရွက်သွားရန်၊ မိတ်ဖက်နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံမှုများကို ပိုမိုတိုးမြှင့်သွား၍ အာဆီယံဒေသ၏ စွမ်းအင်ကူးပြောင်းမှု၊ နည်းပညာဖွံ့ဖြိုးတိုးတက်မှု၊ သတင်းအချက်အလက်ဖလှယ်မှုနှင့် အရင်းအမြစ်များကို စုစည်းနိုင်မည်ဖြစ်ပါကြောင်း အကြံပြုဆွေးနွေးသည်။

အဆိုပါ အစည်းအဝေးတွင် ဒေသတွင်းစီးပွားရေးစွမ်းဆောင်ရည်နှင့် အနာဂတ် အလားအလာများ၊ အရှေ့အလယ်ပိုင်းဒေသ အခြေအနေများကြောင့် ဖြစ်ပေါ်လာနိုင်သော စီးပွားရေးသက်ရောက်မှုများနှင့် ကမ္ဘာ့စွမ်းအင်ဈေးကွက်၊ ထောက်ပံ့ရေးကွင်းဆက်များ၊ စားရေရိက္ခာလုံခြုံရေး၊ သယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးကွန်ရက် ပြောင်းလဲမှုများကြောင့် အာဆီယံစီးပွားရေး၏ အဓိကကျောရိုးဖြစ်သော အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) အပါအဝင် ဒေသတွင်းရှိ စီးပွားရေးလုပ်ငန်းများနှင့် ပြည်သူများအပေါ် အကူအညီပေးရေးဆိုင်ရာကိစ္စရပ်များ၊ ဒေသတွင်း ယင်းပဋိပက္ခ၏ သက်ရောက်မှုများကို ဖြေရှင်းရန်အတွက် ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များအပေါ် အာဆီယံစီးပွားရေးအသိုက်အဝန်း ကောင်စီဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ အာဆီယံနှင့် အရှေ့အာရှစီးပွားရေးသုတေသနအဖွဲ့၊ အာဆီယံစီးပွားရေးအကြံပေးကောင်စီတို့မှ တာဝန်ရှိသူများက အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပြီး အာဆီယံစီးပွားရေးအသိုက်အဝန်း ကောင်စီ၏ အရှေ့အလယ်ပိုင်းဒေသပဋိပက္ခကြောင့် ဖြစ်ပေါ်လာသည့် စီးပွားရေးဆိုင်ရာ အကျိုးသက်ရောက်မှုများနှင့်စပ်လျဉ်းသည့် ပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယသမ္မတ ဦးညိုစောနှင့်ဇနီး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ၁၃၈၈ ခုနှစ် ကဆုန်လပြည့်ဗုဒ္ဓနေ့ အထိမ်းအမှတ်အဖြစ် ဆင်ယင်ကျင်းပပူဇော်သည့် မဟာမင်္ဂလာ အခမ်းအနားသို့ ကြွရောက်တော်မူကြသည့် ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်း ဆက်ကပ်လှူဒါန်း

နေပြည်တော် မေ ၃၀

၁၃၈၈ ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓနေ့ အထိမ်းအမှတ်အဖြစ် ဆင်ယင်ကျင်းပပူဇော်သည့် မဟာမင်္ဂလာအခမ်းအနားသို့ ကြွရောက်တော်မူကြသည့် ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ် လှူဒါန်းခြင်း မင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မာရဝိဇယဗုဒ္ဓ ဥယျာဉ်တော် ပရိဝုဏ်အတွင်းရှိ အဂ္ဂါဓိပတိသာသနာ့ ဗိမာန်တော်ကြီး၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယ သမ္မတ ဦးညိုစောနှင့်ဇနီး ဒေါ်စမ်းစမ်းအေး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးတို့တက်ရောက်၍ လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်း ဆက်ကပ် လှူဒါန်းကြသည်။





၁၃၈၈ ခုနှစ် ကဆုန်လပြည့်ဗုဒ္ဓနေ့ အထိမ်းအမှတ်အဖြစ် ဆင်ယင်ကျင်းပပူဇော်သည့် မဟာမင်္ဂလာ အခမ်းအနားကျင်းပစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစောနှင့်ဇနီး ဒေါ်စမ်းစမ်းအေးတို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မိတ္ထီလာမြို့ သာသနဝေပုလ္လကျောင်းတိုက် ပဓာနနာယက ဆရာတော်ကြီးအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ် တိုက်အုပ်ဆရာတော်ကြီးအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ သာသနဝေပုလ္လ ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တကောဝိဒနှင့် နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ တွဲဖက် အကျိုးတော်ဆောင် ရန်ကုန်တိုင်း ဒေသကြီး ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ် တိုက်အုပ်ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဒွိပိဋကဓရပိဋကတ္တယ ပါရဂူ ဘဒ္ဒန္တ သိရီကဥ္စနာဘိဝံသတို့ အမှူးပြုသည့် ဆရာတော်ကြီးများ ကြွရောက် ချီးမြှင့်တော်မူကြပြီး ပြည်ထောင်စု တရားသူကြီးချုပ် ဦးသာဌေး၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးအောင်ဇော်သိန်းနှင့် ဇနီး၊ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးနှင့် ဇနီး၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့်ဇနီး၊ ပြည်ထောင်စု ဝန်ကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ)၊ ကာကွယ်ရေး ဦးစီးချုပ်(လေ)၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ နေပြည်တော် ကောင်စီ ဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ)၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော် အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိ သူများ တက်ရောက်ကြသည်။

အခမ်းအနားမစတင်မီ ဒုတိယ သမ္မတ ဦးညိုစောက အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီးအတွင်း ရှိ မာရဝိဇယနောင်တော်ကြီး ဗုဒ္ဓ ရုပ်ပွားတော်မြတ်အား မြသပိတ် ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီး ကပ်လှူပူဇော်သည်။

ထို့နောက် အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်၍ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ဒုတိယဥက္ကဋ္ဌ မိတ္ထီလာမြို့ သာသနဝေပုလ္လ ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ကောဝိဒထံမှ ဒုတိယသမ္မတ ဦးညိုစောနှင့်ဇနီး၊ ဒုတိယ သမ္မတ ဒေါ်နန်းနီနီအေးနှင့် ဧည့်ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာ တော် အရှင်သူမြတ်များ ရွတ်ပွား သရဇ္ဈာယ်တော်မူသောမေတ္တာသုတ် ပရိတ်တရားတော်များကို နာယူ ကြည်ညိုကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးညိုစောနှင့်ဇနီးတို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ မိတ္ထီလာမြို့ သာသနဝေပုလ္လ ကျောင်းတိုက် ပဓာနနာယက ဆရာတော်ကြီးအားလည်းကောင်း၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ် တိုက်အုပ် ဆရာတော်ကြီးအားလည်းကောင်း လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်ထောင်စု တရားသူကြီးချုပ်၊ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့်ဇနီး၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့် ဇနီး၊ ဒုတိယတပ်မတော်ကာကွယ် ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း)နှင့် ဇနီး၊ ပြည်ထောင်စု ဝန်ကြီးများနှင့် ဇနီးများ၊ အခမ်းအနား တက်ရောက် လာကြသူများက ဆရာတော်ကြီးများအား လှူဖွယ် ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ တွဲဖက် အကျိုးတော်ဆောင် ရန်ကုန်တိုင်း ဒေသကြီး ဗဟန်းမြို့နယ် မဟာ ဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တသိရီ ကဥ္စနာဘိဝံသထံမှ အနုမောဒနာ တရားနာယူ၍ လှူဒါန်းမှုအစုစု အတွက် ရေစက်သွန်းလောင်းအမျှ ပေးဝေကြပြီး "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း ၍ အခမ်းအနားကို ရုပ်သိမ်းလိုက် သည်။

အခမ်းအနားအပြီးတွင် ဒုတိယ သမ္မတဦးညိုစောနှင့်ဇနီး၊ ဒုတိယ သမ္မတ ဒေါ်နန်းနီနီအေးနှင့် အခမ်းအနား တက်ရောက်လာ ကြသူများက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ မိတ္ထီလာမြို့ သာသနဝေပုလ္လ ကျောင်းတိုက် ပဓာနနာယက ဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်၊ သံဃာတော် အရှင် သူမြတ်တို့အား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

သတင်းစဉ်

## သီလရှင် ၅၇ ပါးအား ဆွမ်းဆန်တော်နှင့် အလှူငွေ လောင်းလှူ

သရက် မေ ၃၀

မကွေးတိုင်းဒေသကြီး၊ သရက် မြို့၌ လစဉ်လပြည့်နေ့တိုင်း လှူဒါန်းလျက်ရှိသည့် (၁၀၄)ကြိမ် မြောက် သာသနာ့အနွယ်ဝင် သီလရှင် ၅၇ ပါးအား ဆွမ်းဆန် တော်နှင့် အလှူငွေလောင်းလှူပွဲကို ယမန်နေ့ နံနက် ၈ နာရီက ပြည်တော်အေးရပ်ကွက် ဆင်ဖြူ တော် ဘုန်းတော်ကြီးကျောင်းတွင် ကျင်းပခဲ့သည်။

အဆိုပါ လောင်းလှူပွဲကို ဆင်ဖြူတော်ကျောင်းတိုက်ဆရာ တော်က ဦးဆောင်၍ ရပ်ကွက် အသီးသီးမှ အလှူရှင် စေတနာရှင် များ စုပေါင်း၍ လစဉ် လပြည့် နေ့တိုင်း သာသနာ့အနွယ်ဝင် သီလရှင်များအား ဆွမ်းဆန်စိမ်း လောင်းလှူလျက်ရှိရာ (၁၀၄)ကြိမ် မြောက် လောင်းလှူပွဲတွင် မြို့ပေါ် ကျောင်းတိုက်အသီးသီးမှ သီလ ရှင် ၅၇ ပါးအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေးနှင့် ဝတ္ထုငွေ၊ အသုံးဆောင်ပစ္စည်းများ လောင်း လှူခြင်းကို စေတနာရှင်အလှူရှင် များ စုပေါင်း၍ လောင်းလှူပြီး ဆင်ဖြူတော်ဘုန်းတော်ကြီး ကျောင်း ဆရာတော်ထံမှ ရှစ်ပါး သီလခံယူဆောက်တည်ကာ လှူဒါန်း မှုအစုစုအတွက် ရေစက်သွန်းချ အမျှဝေခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

ဇော်ထက်(သရက်)

၀-၀-၀-၀-၀



# ၁၃၈၈ ခုနှစ် ကဆုန်လပြည့် (ဗုဒ္ဓနေ့) ဓမ္မသဘင်မင်္ဂလာအခမ်းအနား နေပြည်တော် အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်၌ ဆင်ယင်ကျင်းပ

နေပြည်တော် ဧပြီ ၃၀

၁၃၈၈ ခုနှစ် ကဆုန်လပြည့်(ဗုဒ္ဓနေ့) ဓမ္မသဘင်မင်္ဂလာအခမ်းအနားကို ယနေ့ ညပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် မာရဝိဇယဗုဒ္ဓဥယျာဉ်တော် အတွင်းရှိ အဂ္ဂါဓိပတိ သာသနာ့ဗိမာန် တော်၌ ဆင်ယင်ကျင်းပသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစောနှင့်ဇနီး ဒေါ်စမ်းစမ်းအေး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးနှင့် ဧည့်ပရိသတ်များ ကဆုန်လပြည့် (ဗုဒ္ဓနေ့)ဆိုင်ရာ ဓမ္မကထာဒေသနာတော်ကို နာယူကြစဉ်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက် အကျိုးတော်ဆောင် ရန်ကုန်တိုင်း ဒေသကြီး ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ် တိုက်အုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ ဒွိပိဋကရေပိဋကတ္တယ ပါရဂူ ဘဒ္ဒန္တသိရီကဉ္စနာဘိဝံသ ကြွရောက် ချီးမြှင့်တော်မူပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစော နှင့်ဇနီး ဒေါ်စမ်းစမ်းအေး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်ထောင်စုတရား သူကြီးချုပ် ဦးသာဌေး၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်းနှင့်ဇနီး၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး နှင့်ဇနီး၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ကာကွယ် ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ် (လေ)၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ)၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ မြန်မာ နိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ဝတ်အသင်းအဖွဲ့များနှင့် တရားနာ ဧည့်ပရိသတ်များ တက်ရောက်ကြ သည်။

ဦးစွာ အခမ်းအနားကို "နမော တဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်၍ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ရန်ကုန် တိုင်းဒေသကြီး ဗဟန်းမြို့နယ် မဟာ ဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ် တိုက်အုပ် ဆရာတော် ဘဒ္ဒန္တသိရီကဉ္စနာဘိဝံသထံမှ ဒုတိယသမ္မတ ဦးညိုစောနှင့်ဇနီး၊ ဒုတိယ သမ္မတ ဒေါ်နန်းနီနီအေးနှင့် ဧည့်ပရိသတ် များက ငါးပါးသီလ ခံယူဆောက်တည် ကြပြီး ကဆုန်လပြည့် (ဗုဒ္ဓနေ့)ဆိုင်ရာ ဓမ္မကထာဒေသနာတော်ကို ရိုသေ လေးမြတ်စွာနာယူကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးညိုစော က ဓမ္မပူဇာအလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ သာသနာရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးလင်းအောင်က ကပ္ပိယကာရကအဖြစ် လက်ခံရယူ သည်။

ယင်းနောက် မဟာဝိသုဒ္ဓါရုံရွှေကျင် တိုက်သစ် တိုက်အုပ်ဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြပြီး "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်

◇ စာမျက်နှာ ၂၄ မှ

နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲ ရေးမှူး (ကြည်း၊ ရေ၊ လေ)၊ ကာကွယ်ရေးဦးစီးချုပ် ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယ ဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ဝတ်အသင်းအဖွဲ့များ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယသမ္မတ ဦးညိုစောနှင့်ဇနီးတို့သည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်းနှင့် ဆီမီးများ ကပ်လှူပူဇော်ပြီး ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ခြင်းအခမ်းအနားကို ကျင်းပရာ "နမောတဿ" သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီး အခမ်း အနားမှူးက မဟာဗောဓိ ရက္ခသိဥ္စနပူဇာဂါထာတော် ကို ရွတ်ဖတ်ပူဇော်သည်။

ယင်းနောက် ဒုတိယသမ္မတဦးညိုစောနှင့်ဇနီး၊ ဒုတိယသမ္မတဒေါ်နန်းနီနီအေး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ ဒုတိယတပ်မတော်ကာကွယ် ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ နှင့်ဇနီးများနှင့် အခမ်းအနားတက်ရောက်လာကြသူ များသည် သတ်မှတ်ထားသည့်နေရာများအလိုက် နေရာယူကြပြီး မဟာဗောဓိညောင်ပင်တော်အား အမွှေးနံ့သာရည်များပက်ဖျန်းပူဇော်ကာ ညောင်ရေ သွန်းလောင်းပူဇော်ကြသည်။ ဆက်လက်၍ မဟာ ဗောဓိညောင်ပင်တော်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များ အား ရေသပ္ပာယ်တော်မူကြပြီး မဟာဗောဓိ ညောင်ပင်တော်အား လက်ယာရစ်လှည့်လည် ပူဇော်ကြသည်။

ထို့နောက် အခမ်းအနားမှူးက အောင်ဆုမင်္ဂလာ အမျှဝေစာတမ်းအား ဖတ်ကြားပြီး ကုသိုလ်အမျှပေး ဝေကြကာ "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဒုတိယသမ္မတများနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအပါအဝင် ဗုဒ္ဓ ဥယျာဉ်တော်အတွင်း တည်ထားပူဇော်ထားသည့် ဂန္ဓကုဋီတိုက်တော်များ၊ ကျောက်စာရုံစေတီတော်၊ မုစလိန္ဒကန်နှင့် နဂါးရုံဘုရား စသည့် ဘုရား၊ ကျောင်း၊ ကန်၊ သာသနိကအဆောက်အအုံများကို လာရောက်ဖူးမြော်ကြည်ညိုကြသည့် ဘုရားဖူးလာ ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြပြီး ကဆုန်လပြည့်(ဗုဒ္ဓနေ့) သရုပ်ပြယာဉ်များကို လှည့်လည်ကြည့်ရှုကြသည်။

ကဆုန်လပြည့်(ဗုဒ္ဓနေ့)ကို ကဆုန်လပြည့် မာရ်အောင်နေ့ဟူ၍ ခေါ်စမှတ်ပြုကြပြီး ကဆုန် လပြည့်နေ့ရောက်တိုင်း ဘုရားအလောင်းဖွားမြင် သည့်အချိန်နှင့်တစ်ချိန်တည်း ဖြစ်တည်ရှင်သန်လာ သည့် မူလမဟာဗောဓိပင်၏ ပင်ပွားဗောဓိပင်များကို မညှိုးနွမ်းစိမ်းလန်း ရှင်သန်စေရန်ဟူသော ဆန္ဒမွန် ဖြင့် ပရိဘောဂစေတီထိုက်သော ဗောဓိညောင်ပင်ကို သက်တော်ထင်ရှားမြတ်စွာဘုရား၏ မာရ်ငါးပါးကို အောင်မြင်တော်မူမှု အာရုံပြုရည်မှန်း၍ ညောင်ရေ သွန်းဖျန်းလှူဒါန်းပူဇော်ခြင်းအမှုကို ပြုလုပ်ကြခြင်း ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မဟာမြိုင်(၁)ရပ်ကွက် ဘုံဆွမ်းလောင်းအသင်း(၄၂)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ



မန္တလေး ဧပြီ ၃၀

မန္တလေး၊ မဟာအောင်မြေ မြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက် ပြည်သူများ ဘုံဆွမ်းလောင်းအသင်း ၏ (၄၂)ကြိမ်မြောက် ဘုံဆွမ်း လောင်းလှူပွဲကို ကဆုန်လပြည့်နေ့ နံနက် ၅နာရီခွဲက ၃၅ လမ်းနှင့် ၆၉လမ်းထောင့်တွင် ကျင်းပသည်။

ဘုံဆွမ်းလောင်းလှူရာတွင် လေးပြင်လေးရပ်မှ ကြွရောက် တော်မူလာကြသော သံဃာ တော်နှင့် သာမဏေအပါး ၃၅၀ ကျော်အား ဆွမ်း၊ ကြက်သား ဟင်း၊ ငါးလေးခြောက်အသားတု၊ ကြက်သွန်နီကြော်၊ သရက်ချဉ် သုပ်၊ ဆပ်ပြာမှုန့်ထုပ်နှင့် သံဃာ တော်နှင့်သာမဏေ တစ်ပါးလျှင် နဝကမ္မဝတ္ထုငွေကျပ် ၁၀၀၀ စီ ကို လောင်းလှူကြပြီး သင်္ကန်း ၁၆ စုံနှင့် နဝကမ္မဝတ္ထု ငွေကျပ် ၁၆၀၀၀၀ ကို စာရေးတံမဲဖောက် ၍ ဘုံဆွမ်းလောင်းအသင်းတည် ထောင်သူ ဦးနေမင်းဦး+ဒေါ်ယု ယုဇော်(ပီတိသုခ) မိသားစု၊ လစဉ် ဝက်သားအလှူရှင် ဦးမျိုး ဝင်း+ဒေါ်အိအိချော (ကောင်း ထက်မဟာနှင့်ကာဗာတိုင်းပြည်) မိသားစုများ၊ ဦးအောင်သန်း လှိုင်+ဒေါ်နန်းနီနီဝင်း မိသားစု၊ ဦးသာအေး+ဒေါ်တင်ရီတို့အား ရည်စူး၍ ဦးသိန်းတန်နှင့် သား သမီးမြေးတစ်စု၊ ဦးမြင့်လွင်+ ဒေါ်ခင်ချိုဝင်းမိသားစု၊ ဦးချိန်စီ+ ဒေါ်တွမ်ဟိုက်လန့်တို့အား အမှူး ထား၍ မောင်ကျော်သက်ဦးနှင့် မောင်နှမတစ်စု၊ ဦးရိမ်ပါထိုင်+ ဒေါ်သွယ်သွယ်လှတို့အား ရည် စူး၍ ဦးပြည့်စုံကိုကိုနှင့် ညီ အစ်ကိုမောင်နှမတစ်စု၊ ဦးဇော် ထွန်း+ဒေါ်နန်းရတနာမိုး(ပန်တော် ဦးအမျိုးသမီးအဆောင်)မိသားစု၊ ဦးကျော်ဝင်းစိန်+ဒေါ်အေးအေး ဆွေ၊ (သမီး)မဝင်းမာလာကျော် (တိမ်လွှာအလှပြင်ဆိုင်)မိသားစု၊ ဒေါ်မေသဇင်ဦး မိသားစု၊ ဦးအောင်ဖြိုးမင်း+ဒေါ်အေးအေး စန်း (Unit Solar)မိသားစု၊ ဖခင်ကြီး ဦးဗိုလ်သန်းအား ရည် စူးပြီး ဒေါ်ချိုချိုတို့အား အမှူး ထား၍ ဦးရဲလင်းမောင်+ဒေါ် ဟေမာသိန်း မြို့သစ်(၁)ရပ်ကွက် မိသားစု၊ ဦးအားချန့်+ဒေါ်ကျန်း ထုံးမိသားစု၊ ဦးစံသာ+ဒေါ်အုန်း စိန်တို့အား ရည်စူး၍ Golden Key Cafe မိသားစု၊ ဦးသိန်းဇော်+ ဒေါ်မြမြသက်(စိမ်းမြတ်ကျောက် မျက်ကုမ္ပဏီ) မိသားစု၊ ရပ်ကွက် နေပြည်သူများ၊ ဘုံဆွမ်းလောင်း အသင်းသား၊ အသင်းသူများက လောင်းလှူခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(ဝ၄ဝ)

## ရာသက်ပန်ဆွမ်းပဒေသာပင်လှူဒါန်း

မန္တလေး ဧပြီ ၃၀

နိုင်ငံတော်သံဃမဟာနာယက အဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်း ကျောင်းတွင် ယမန်နေ့ နံနက်က ရာသက်ပန်ဆွမ်းပဒေသာပင် အတွက် အလှူငွေ ပေးအပ်ပွဲ ကျင်းပသည်။

ရှေးဦးစွာ သင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ကေသဝ(ဓမ္မာစရိယ၊ B.A)ထံမှ ရေစက်ချအနုမောဒနာ တရား နာယူကြည်ညိုကြပြီး မန္တလေးမြို့ နန်းရှေ့ဒေါနဘွားရပ်နေ ဦးသန့် စင်ထွန်း+ဒေါ်ခင်စန်းဝင်း၊ (သား) မောင်ကောင်းထွဋ်ရှာန်ဟိန်း (ပြည်စိုးကျော်တိုင်းရင်းဆေး) မိသားစုက ရာသက်ပန် ဆွမ်းပဒေ သာပင်အတွက် အလှူငွေကျပ် ၂၃ သိန်းကို ပေးအပ်လှူဒါန်းရာ ဥပဏ္ဍကအဖွဲ့ဝင် ဦးမြင့်စိန်က လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်း လွှာပြန်လည်ပေးအပ်သည်။

ထို့နောက် အဆိုပါအလှူရှင် မိသားစုက ကျောင်းအုပ်ဆရာ တော် အမှူးပြုသော ကထိက ဆရာတော်များ၊ သင်တန်းသား သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်ခဲ့ကြောင်း သိရသည်။

PNT

မီးမရှို့ မြေမမြှုပ်
စက္ကူဟောင်းကို ဒါနလုပ်။






# ကဆုန်လပြည့်(ဗုဒ္ဓနေ့)အထိမ်းအမှတ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှကြီးမှူး၍ မန္တလေးမြို့ပေါ်ရှိ စာသင်တိုက်အသီးသီးမှ သံဃာတော်၊ သီလရှင် (၁၀၂၈၀)ပါးအား ဆွမ်းဆန်တော်၊ ဆီ၊ ကြက်သွန်၊ ကုလားပဲ လှူဒါန်းပွဲအခမ်းအနား ကျင်းပ

**မန္တလေး ဧပြီ ၃၀**

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်(ဗုဒ္ဓနေ့)အထိမ်းအမှတ် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ကြီးမှူး၍ မန္တလေးမြို့ပေါ်ရှိ စာသင်တိုက်အသီးသီးမှ သံဃာတော်၊ သီလရှင် (၁၀၂၈၀)ပါးတို့အတွက် ဆွမ်းဆန်တော်၊ ဆီ၊ ကြက်သွန်၊ ကုလားပဲ လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ မဟာအတုလဝေယန်(အတုမရှိ)ကျောင်းတော်ကြီးတွင် ကျင်းပရာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မစိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မာဓိပတိကျောင်းဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဣန္ဒကာလင်္ကာရာဘိဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော် (၁၀၈)ပါး တက်ရောက်ချီးမြှင့်တော်မူကြသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် ဇနီး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနဆိုင်ရာများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက် ကြည်ညိုကြပြီး နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မစိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မာဓိပတိကျောင်းဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဣန္ဒကာလင်္ကာရာဘိဝံသ ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီးနောက် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့ရွတ်ပွားချီးမြှင့်တော်မူကြသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။





၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီးနောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မစိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မာဓိပတိကျောင်း ဆရာတော်ကြီးနှင့် ဆရာတော်များထံ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆွမ်းဆန်တော်၊ ဆီ၊ ကြက်သွန်၊ ကုလားပဲ၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မစိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မာဓိပတိကျောင်းဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဣန္ဒကာလင်္ကာရာဘိဝံသ ထံမှ အနုမောဒနာ ရေစက်သွန်းချတရား နာယူကြည်ညို၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းပြီးနောက် ဘုရားအမှူးပြုသော ဆရာတော်၊ သံဃာတော်များအား တိုင်းဒေသကြီး ဝန်ကြီးချုပ် နှင့်အဖွဲ့၊ ဌာနဆိုင်ရာများနှင့် အလှူရှင်များက ဆွမ်းဆန်တော်၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ လောင်းလှူကြသည်။

ယနေ့အခမ်းအနား၌ မန္တလေးမြို့ လေးပြင်လေးရပ်ရှိ ဆရာတော်၊ သံဃာတော်များကိုယ်စား ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ အမှူးပြုသော ဆရာတော်၊ သံဃာတော်(၁၀၈)ပါးအား ပင့်ဖိတ်၍ ဆရာတော်၊ သံဃာတော် (၁၀၂၈၀)ပါးအတွက် စုစုပေါင်းငွေကျပ် (၁၉၅,၁၁၄,၄၀၀) တန်ဖိုးရှိ ဆွမ်းဆန်တော်၊ ဆီ၊ ကြက်သွန်နီ၊ ကုလားပဲများ၊ စုစုပေါင်းငွေကျပ် (၃၅,၂၀၉,၅၀၀) တန်ဖိုးရှိ လှူဖွယ်များနှင့် နဝကမ္မအလှူငွေများ လောင်းလှူခဲ့ရာ ယနေ့လှူဒါန်းမှုမှာ စုစုပေါင်းတန်ဖိုးငွေကျပ် (၂၃၀,၃၂၃,၉၀၀)ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀





# ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် မန္တလေးမြို့အနှံ့ ဗောဓိညောင်ပင်များအား ညောင်ရေသွန်းလောင်းသူများ၊ စတုဒိသာကုသိုလ်ပြုသူများဖြင့် စည်ကားများပြား

**မန္တလေး မေ ၁၀**

ကဆုန်လပြည့်(ဗုဒ္ဓနေ့)သည် ထေရဝါဒဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများအတွက် နေ့ထူးနေ့မြတ်ဖြစ်ပြီး မန္တလေးမြို့ပေါ်ရှိ တန်ခိုးကြီးဘုရား စေတီ၊ ပုထိုးများတွင် ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ပွဲများနှင့် ပရိဘောဂစေတီထိုက်သော ဗောဓိညောင်ပင်များအား ညောင်ရေသွန်းလောင်းပူဇော်ပွဲများကျင်းပခြင်း၊ ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်တော်များ လောင်းလှူခြင်း၊ ဓမ္မစကြာဝတ်အသင်းများမှ ရွတ်ဖတ်ပူဇော်ခြင်း၊ စတုဒိသာများဖြင့် ဧည့်ခံကုသိုလ်ပြုခြင်းတို့ဖြင့် စည်ကားလျက်ရှိသည်။

ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ ဘဝရှင်မင်းတုန်းမင်းကြီး တည်ထားကိုးကွယ်ခဲ့သော မဟာသကျမာရဇိန်ကျောက်တော်ကြီးဘုရားတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှကြီးမှူး၍ ညောင်ရေသွန်းလောင်းပွဲအခမ်းအနားကို ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အဖွဲ့တက်ရောက်ကြပြီး ညောင်ရေသွန်းလောင်းပူဇော်ပွဲလာ ကျောင်းသား၊ ကျောင်းသူများ၊ ဘုရားဖူးလာ ဧည့်ပရိသတ်များအား နှုတ်ဆက်ကာ ဘုရားပရိဝုဏ်ရှိ ဗောဓိညောင်ပင်များအား ဘုရားဖူးပြည်သူများနှင့်အတူ ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခဲ့ကြကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)









# မကွေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မကွေး မေ ၁၀**

မကွေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှ တိုင်း၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂၉ ရက် နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး ထွေ/အုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီး ဒေါ်အိအိထွန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၏ ဇနီးများ၊ မကွေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်များမှ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်အိအိထွန်းက အမှာစကားပြောကြားသည်။ ထို့နောက် မကွေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်အေးကျော်က ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။



ဆက်လက်၍ တက်ရောက်လာသည့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများက မိမိတို့ ခရိုင်အလိုက် လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ မကွေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယကက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ်စကားပြောကြားခဲ့သည်။

ထို့နောက် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပရာ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက က အမှာစကားပြောကြားပြီး တက်ရောက်လာသည့် တာဝန်ရှိသူများနှင့် ခရိုင်၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများက လုပ်ငန်းဆောင်ရွက်နေမှုနှင့်ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီးရှင်းလင်းတင်ပြကြရာ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**မောင်ခိုင်မင်း(ပြန်/ဆက်)**

*-*-*-*

*-*-*-*-*-*



# ညောင်ရေသွန်းလောင်းပူဇော်ပွဲ ကျင်းပ

**မန္တလေး မေ ၁၀**

ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် မြတ်စွာဘုရား ပွင့်တော်မူရာ မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်ပွဲကို ယနေ့မွန်းလွဲ ၁ နာရီခွဲက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအနောက်ရပ်ကွက်၊ အကွက်(၂၃၂)၊ လမ်း ၃၀ နှင့် ၈၁ လမ်းရှိ နယ်လုံးဆိုင်ရာ သမိုင်းဝင်ဆုတောင်းပြည့် ချမ်းသာရစေတီတော်ကြီးအတွင်းရှိ မဟာဗောဓိညောင်ပင်၌ ကျင်းပသည်။

(အပေါ်ပုံ)

ရှေးဦးစွာ ချမ်းအေးသာစံမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြင့်မြင့်ဌေး၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးကိုကိုထွေး၊ ချမ်းအေးသာစံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ ဦးကျော်ကျော်ဌေး၊ မြို့နယ်အတွင်းရေးမှူး ဦးစန်းမောင်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးချမ်းသာနှင့် ရာအိမ်မှူးများ၊ မြို့နယ်ပါတီကော်မတီဝင်များ၊ ရပ်ကျေးပါတီဝင်များ၊ ရပ်ကွက်ပြည်သူများ၊ ဝတ်အသင်းအဖွဲ့များ၊ ဘုရားဖူးလာ ပြည်သူများက ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခဲ့ကြောင်း သိရသည်။

(ဝငှ၁)

သတင်း-စာမျက်နှာ ၁၀









# အမရပူရမြို့နယ်ရှိ ရတနာပုဏ္ဏဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ်စေတီတော်(မန္တလေး)နှင့် ဝေရောစန ကျောက်စိမ်းစေတီတော်တို့တွင် ကဆုန်ညောင်ရေသွန်းလောင်းပွဲများ ကျင်းပ

**မန္တလေး ဧပြီ ၃၀**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှကြီးမှူး၍ အမရပူရမြို့နယ်ရှိ ရတနာပုဏ္ဏဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ်စေတီတော်(မန္တလေး)တွင် (၁၅)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းပွဲတော်ကို ကျင်းပရာ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားကို အစီအစဉ်အတိုင်း ကျင်းပခဲ့ပြီးနောက် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ညောင်ရေများ သွန်းလောင်းပူဇော်ခဲ့ကြသည်။

၎င်းနောက် အမရပူရမြို့နယ်ရှိ ဝေရောစနကျောက်စိမ်းစေတီတော် (၁၁)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းပွဲသို့ တက်ရောက်ခဲ့ပြီး ဘုရားပရိဝုဏ်ရှိ ဗောဓိညောင်ပင်အား ဘုရားဖူးများနှင့်အတူ ကဆုန်ညောင်ရေများ သွန်းလောင်းပူဇော်ခဲ့ကြသည်။

ကဆုန်လပြည့်(ဗုဒ္ဓနေ့)သည် ထေရဝါဒ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများအတွက် နေ့ထူးနေ့မြတ်ဖြစ်ပြီး မန္တလေးမြို့ပေါ်ရှိ တန်ခိုးကြီးဘုရားစေတီ၊ ပုထိုးများတွင် ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ပွဲများနှင့် ပရိဘောဂစေတီ ထိုက်သော ဗောဓိညောင်ပင်တို့အား ညောင်ရေသွန်းလောင်း ပူဇော်ပွဲများကျင်းပခြင်း၊ ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်တော်များ လောင်းလှူခြင်း၊ ဓမ္မစကြာဝတ်အသင်းများမှ ဝတ်ရွတ်စဉ်များ ရွတ်ဖတ်ပူဇော်ခြင်း၊ စတုဒိသာများဖြင့် ဧည့်ခံကုသိုလ်ပြုခြင်းတို့ဖြင့် စည်ကားခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၄)**









# မန္တလေးမြို့ရှိ တန်ခိုးကြီးဘုရားစေတီများတွင် ကဆုန်ညောင်ရေသွန်းပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ

မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်(ဗုဒ္ဓနေ့) အထိမ်းအမှတ်အဖြစ် ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ မဟာမုနိရုပ်ပွားတော်မြတ်ကြီး အပါအဝင် တန်ခိုးကြီး ဘုရားစေတီများနှင့် အရပ်ရပ်ရှိ ဗောဓိညောင်ပင်များတွင် ညောင်ရေသွန်းလောင်းပူဇော်ပွဲများကို မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြသည်။

မန္တလေးတောင်ခြေရှိ ကုသိုလ်တော်ဘုရား၊ ကျောက်တော်ကြီးဘုရားနှင့် စန္ဒာမုနိဘုရားတို့တွင်လည်း ဘုရားဖူးလာ မိဘပြည်သူများက အမွှေးနံ့သာရည်များ၊ ပန်း၊ ရေချမ်းများဖြင့် ဗောဓိညောင်ပင်အား သွန်းလောင်းပူဇော်ခဲ့ကြပြီး ဝတ်အသင်းအဖွဲ့များကလည်း ဓမ္မစကြာနှင့် ပဋ္ဌာန်းဒေသနာတော်များကို ညီညာဖျဖျ ရွတ်ဖတ်ပူဇော်ခဲ့ကြသည်။

ယခုနှစ် ကဆုန်ညောင်ရေသွန်းပွဲတော်တွင် မန္တလေးမြို့သူ၊ မြို့သားများနှင့် အရပ်ဒေသအသီးသီးမှ လာရောက်ကြသည့် ဧည့်သည်တော်များကလည်း ဘုရားကျောင်းကန်များ၌ ငါးပါးသီလခံယူဆောက်တည်ခြင်း၊ သံဃာတော်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူခြင်း စသည့် ဒါန၊ သီလ၊ ဘာဝနာကုသိုလ်ကောင်းမှုများကို စိတ်အားထက်သန်စွာ ပြုလုပ်ကုသိုလ်ယူကြသည်။

ထို့အပြင် မြို့ပေါ်ရပ်ကွက်များနှင့် လမ်းဆုံလမ်းခွများတွင် စေတနာရှင်များက ဘုရားဖူးပြည်သူများအား မုန့်လုံးရေပေါ်၊ ရွှေရင်အေးနှင့် အအေးဖျော်ရည်များဖြင့် စေတနာဒိသာ ကျွေးမွေးလှူဒါန်းခဲ့ကြရာ မန္တလေးမြို့တစ်ခွင်တွင် ပျော်ရွှင်ကြည်နူးဖွယ် သာစုခေါ်သံများဖြင့် ဖုံးလွှမ်းလျက်ရှိသည်။

ယဉ်ကျေးမှုမြို့တော် မန္တလေး၏ ထင်ရှားသော ရိုးရာဓလေ့တစ်ခုဖြစ်သည့် ညောင်ရေသွန်းပွဲတော်ကို မြန်မာ့ရိုးရာမပျက် ဆက်လက်ထိန်းသိမ်းခြင်းအားဖြင့် ဗုဒ္ဓသာသနာတော်ကို ပိုမိုကြည်ညိုပွားများစေပြီး မြို့သူ၊မြို့သားများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် အေးချမ်းသာယာမှုကို ဖော်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၈) ဓာတ်ပုံ-ရွှေမန်း။ မျိုးသန့်တင်






















## ဆိုလန်ကီ ကြွက်သားဒဏ်ရာကြောင့် လက်ကျန်ပွဲစဉ်အားလုံး လွဲချော်ဖွယ်ရှိ

**လန်ဒန် မေ ၃၀**

စပါးအသင်း တိုက်စစ်မှူး ဆိုလန်ကီသည် ကြွက်သားဒဏ်ရာကြောင့် အသင်း၏ လက်ကျန်ပွဲစဉ်အားလုံး လွဲချော်သွားဖွယ်ရှိနေသည်။

အဆိုပါ တိုက်စစ်မှူးသည် စပါးအသင်းက ဝုဖ်အသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဆိုလန်ကီ ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်နေရခြင်းကြောင့် ပရီးမီးယားလိဂ်မှ တန်းမဆင်းရရေးအတွက် တိုက်ပွဲဝင်နေသည့် စပါးအသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၈)နှစ်အရွယ်ရှိ တိုက်စစ်မှူး ဆိုလန်ကီသည် စပါးအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၆၅ပွဲကစားကာ ၂၂ဂိုး သွင်းယူပြီး ခြေစွမ်းပြထားသည်။

(ယာပုံ)

(NGB)



## 2026 Mutua Madrid Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ Jannik Sinner တက်ရောက်



**မက်ဒရစ် မေ ၃၀**

စပိန်နိုင်ငံ၊ မက်ဒရစ်မြို့တွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသား တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Mutua Madrid Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ အီတလီတင်းနစ်ကစားသမား Jannik Sinner တက်ရောက်ခဲ့သည်။

အဆိုပါ အီတလီတင်းနစ်ကစားသမား Jannik Sinner သည် 2026 Mutua Madrid Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် အိမ်ရှင်စပိန်တင်းနစ်ကစားသမား Rafael Jodar ကို ၆-၂၊ ၇-၆ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2026 Mutua Madrid Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် အီတလီတင်းနစ်ကစားသမား Jannik Sinner နှင့် ပြင်သစ်တင်းနစ်ကစားသမား Arthur Fils တို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

(ဝဲပုံ)

(NGB)

## ဆမ်ဘူကီးစ်မားကို ခေါ်ယူရန် လီဗာပူးအသင်း စီစဉ်

**လန်ဒန် မေ ၃၀**

လီဗာပူးအသင်းသည် နာပိုလီအသင်းနောက်ခံကစားသမား ဆမ်ဘူကီးစ်မားကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၇)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် နာပိုလီအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ပွဲ ၃၀ ကစားပြီး နှစ်ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် လီဗာပူးအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။




နောက်ခံကစားသမား ဆမ်ဘူကီးစ်မား ကိုယ်တိုင်ကလည်း ပရီးမီးယားလိဂ်သို့ လာရောက်ကစားလိုကြောင်း ထုတ်ဖော်ပြောကြားထားသည်။

ထို့ကြောင့် လီဗာပူးအသင်း အနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် နာပိုလီအသင်းထံမှ ဆမ်ဘူကီးစ်မားကို ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(ဝဲပုံ) (NGB)



## အက်သလက်တီကိုမက်ဒရစ်အသင်းနှင့် အာဆင်နယ်အသင်းတို့ တစ်ပက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်

**မက်ဒရစ် မေ ၃၀**

ဥရောပချန်ပီယံလိဂ် ဆီမီးဖိုင်နယ် ပထမအကျော့ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက စပိန်လာလီဂါကလပ် အက်သလက်တီကို မက်ဒရစ်အသင်းနှင့် ပရီးမီးယားလိဂ်ကလပ် အာဆင်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက် တစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့သည်။

အက်သလက်တီကိုမက်ဒရစ်အသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၅၆မိနစ်တွင် အယ်လ်ဗာရက်ဇ်က သွင်းယူပေးခဲ့ပြီး အာဆင်နယ်အသင်းအတွက် သွင်းဂိုး တစ်ဂိုးကိုမူ ပွဲချိန် ၄၄မိနစ်တွင် ဂျော်ကာရက်စ်က သွင်းယူပေးခဲ့သည်။

ဥရောပချန်ပီယံလိဂ် ဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်အဖြစ် လာမည့် မေ ၆ရက်တွင် အက်သလက်တီကိုမက်ဒရစ်အသင်းနှင့် အာဆင်နယ်အသင်းတို့ ထပ်မံယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(အပေါ်ပုံ) (NGB)

## မက်ဆီအာရောဂျို စပို့တင်းလစ္စဘွန်းအသင်းတွင် ဆက်ရှိသွားမည်

**လန်ဒန် မေ ၃၀**

နောက်ခံကစားသမား မက်ဆီအာရောဂျို အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ပြီး၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဟု စပို့တင်းလစ္စဘွန်းအသင်းက အတည်ပြုထုတ်ပြန်ခဲ့သည်။

အသက်(၂၆)နှစ်အရွယ်ရှိ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် ပရီးမီးယားလိဂ်ကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက စပို့တင်းလစ္စဘွန်းအသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

နောက်ခံကစားသမား မက်ဆီအာရောဂျိုသည် စပို့တင်းလစ္စဘွန်းအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၃၅ ပွဲကစားပြီး ခြောက်ဂိုး သွင်းယူထားသည်။

စပို့တင်းလစ္စဘွန်းအသင်း၏ ထုတ်ပြန်ချက်တွင် "မက်ဆီအာရောဂျို အသင်းမှာပဲ ဆက်ရှိသွားမှာပါ။ သူဟာ အသင်းအတွက် အားထားရတဲ့ ကစားသမားတစ်ယောက်ပါ" ဟု ထုတ်ပြန်သည်။



(အပေါ်ပုံ) (NGB)

## အက်ဒ်မွန်တပ်ဆိုဘာ လေဗာကူဆင်အသင်းနှင့် တမ်းတိုးစာချုပ် ချုပ်ဆို

**မြူးနစ် မေ ၃၀**

လေဗာကူဆင်အသင်းသည် အသင်း နောက်ခံကစားသမား အက်ဒ်မွန်တပ်ဆိုဘာကို ၂၀၃၁ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် လေဗာကူဆင်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၆၆ပွဲကစားပြီး ၁၃ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၂၇)နှစ်အရွယ်ရှိ အက်ဒ်မွန်တပ်ဆိုဘာက "ကျွန်တော်အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ခဲ့လို့ အတိုင်းမသိပျော်ရွှင်နေပါတယ်။ ဒီအသင်းနဲ့အတူ ဆုဖလားတွေလည်း ရယူသွားလိုပါတယ်။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားမှာပါ" ဟု ပြောသည်။

(အောက်ပုံ) (NGB)



## မီလီဘရိုက် ဘောလုံးကစားသမားဘဝမှ အနားယူ

**လန်ဒန် မေ ၃၀**

အင်္ဂလန်အမျိုးသမီးအသင်းနှင့် ချဲလ်ဆီးအမျိုးသမီးအသင်း နောက်ခံကစားသမား မီလီဘရိုက်သည် ဘောလုံးကစားသမားဘဝမှ အနားယူကြောင်း အတည်ပြုကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် ကစားသမားဘဝ တစ်လျှောက်တွင် ချဲလ်ဆီး၊ လိဒ်စ်၊ ဒွန်ကက်စတာ စသည့်ကလပ်အသင်းများတွင် ကစားခဲ့ပြီး အောင်မြင်မှုများစွာ ရယူနိုင်ခဲ့သလို နိုင်ငံ့လက်ရွေးစင်အသင်းဖြစ်သည့် အင်္ဂလန်အမျိုးသမီးအသင်းနှင့်လည်း ၂၀၁၆မှ ၂၀၂၅ ခုနှစ်အထိ ပြိုင်ပွဲ ၈၈ပွဲကစားကာ ခြောက်ဂိုး သွင်းယူထားသည်။

အသက်(၃၂)နှစ်အရွယ်ရှိ မီလီဘရိုက်က "ကျွန်မ ဘောလုံးကစားသမားဘဝမှ အနားယူပါပြီ။ ဘောလုံးကစားခဲ့တဲ့အချိန်တွေကိုလည်း အမြဲအမှတ်ရနေမှာပါ။ ကျွန်မကို အားပေးတဲ့ ပရိသတ်တစ်ဦးတစ်ယောက်ချင်းစီကိုလည်း အထူးကျေးဇူးတင်ပါတယ်" ဟု ပြောသည်။

(အောက်ပုံ)

(NGB)



## ဘောလုံးသတင်းအတိုအထွာများ

* ချဲလ်ဆီးအသင်းသည် ရီးရဲလ်မက်ဒရစ်အသင်း နည်းပြဟောင်း အလွန်ဆိုအား နည်းပြသစ်အဖြစ် ခန့်အပ်ရန် စီစဉ်လျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* ယခုနှစ်ဘောလုံးရာသီအကုန်တွင် မန်စီးတီးအသင်းနှင့် လမ်းခွဲတော့မည့် နောက်ခံကစားသမား ဂျွန်စတုန်းက မန်စီးတီးအသင်းဟာ ဘဝရဲ့ အစိတ်အပိုင်းတစ်ရပ်အဖြစ် အမြဲတည်ရှိသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

(NGB)

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၄) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂-၅-၂၀၂၆<br>နံနက် ၀၁:၃၀ နာရီ | (၁၅) ဂျီရိုနာ - မာယော့ကာ(၁၇)<br>(L,W,D,L,L) (L,W,W,D,L) | ဂျီရိုနာ ၁-၀ မာယော့ကာ<br>မာယော့ကာ ၂-၁ ဂျီရိုနာ |

### အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၅) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂-၅-၂၀၂၆<br>နံနက် ၀၁:၃၀ နာရီ | (၁၅) လိဒ်စ် - ဘန်လေ(၁၉)<br>(W,W,W,D,L) (D,L,L,L,L) | လိဒ်စ် ၃-၁ ဘန်လေ<br>ဘန်လေ ၁-၁ လိဒ်စ် |

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၅) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂-၅-၂၀၂၆<br>နံနက် ၀၁:၁၅ နာရီ | (၂၀) ပီဇာ - လက်ချီ(၁၇)<br>(L,L,L,L,L) (L,L,L,D,D) | ——— |

## သမိုင်းဝင်ရွှေကြက်ယက်ဘုရား၌ ကဆုန်ညောင်ရေသွန်းလောင်းပွဲတော် ကျင်းပ

**အမရပူရ ဧပြီ ၃၀**

အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ ရွှေကြက်ယက်ကျေးရွာအုပ်စုရှိ ရွှေကြက်ယက်ဆုတောင်းပြည့်မြတ်စွာဘုရားတွင် ကဆုန်ညောင်ရေသွန်းလောင်းပွဲတော်ကို ဧပြီ ၂၉ ရက် မွန်းလွဲ ၂ နာရီ၊ နှစ်စဉ် ကဆုန်လဆန်း ၁၄ ရက်(အဖိတ်နေ့)တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အဆိုပါ ကဆုန်ညောင်ရေသွန်းလောင်းပွဲတော်ကို ရွှေကြက်ယက်ကျေးရွာအုပ်စုရှိ ဂေါစရဂါမ်ကျေးရွာ ၁၅ ရွာမှ မဲကျရာ အမှတ်စဉ်အတိုင်း ညောင်ရေသွန်း လှည့်လည်မှုကို ပြုလုပ်ခဲ့ကြသည်။

ဧပြီ ၂၉ ရက်က ကျင်းပသည့် ညောင်ရေသွန်းပွဲတော်သို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းအောင်ကြည်၊ မြို့တော်ဝန် ဦးခင်မောင်အေး၊ အမရပူရခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ကိုလင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးညွန့်ဦးနှင့် အဖွဲ့ဝင်များ၊ အမရပူရမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့၊ ဒေသခံပြည်သူများ တက်ရောက်ကြပြီး ရွှေကြက်ယက်ဘုရားအနောက်ဘက်မုခ်ရှိ အပူဇော်ခံမဏ္ဍပ်တွင် ညောင်ရေသွန်းလောင်းပွဲတော်ကို တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အောက်ဝဲပုံ)

ဆက်လက်၍ တာဝန်ရှိသူများက ဗောဓိညောင်ပင်အား လက်ယာရစ် သုံးပတ်ပတ်ပြီး ညောင်ရေသွန်းလောင်းခဲ့ကြကာ ကျေးရွာများမှ မဲကျရာ အမှတ်စဉ်အတိုင်း ညောင်ရေများ သွန်းလောင်းခဲ့ကြသည်။ ညောင်ရေသွန်းလောင်းပွဲ လာရောက်သူများကို ရွှေကြက်ယက်ကျေးရွာအုပ်စုနှင့် အလှူရှင်များက အအေးစတုဒိသာများဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**စိုးသီဟ**

*-*-*-*-*



## လူရည်ချွန်မောင်မယ်များအား မန္တလေးမြို့ရှိ အထင်ကရနေမျာသို့ လေ့လာရေးခရီးပို့ဆောင်

**ချမ်းအေးသာစံ ဧပြီ ၃၀**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အထောက်အပံ့ဖြင့် တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဦးဆောင်ကာ လူရည်ချွန်မောင်မယ်များအား မန္တလေးမြို့ပေါ်ရှိ အထင်ကရနေရာများဖြစ်သော မဟာမုနိဘုရားကြီးနှင့် မန္တလေးမြနန်းစံကျော်ရွှေနန်းတော်သို့ ယနေ့ နံနက်ပိုင်းက လေ့လာရေးခရီးပို့ဆောင်ခဲ့သည်။

မန္တလေးတိုင်းဒေသကြီးအတွင်းမှ လူရည်ချွန်မောင်မယ် ၅၀ ဦး၊ ကချင်ပြည်နယ်မှ လူရည်ချွန်မောင်မယ် ၁၉ ဦး၊ ချင်းပြည်နယ်မှ လူရည်ချွန်မောင်မယ် ခြောက်ဦး၊ စုစုပေါင်း လူရည်ချွန်မောင်မယ် ၇၅ ဦးတို့အား ကြီးကြပ်ဆရာ၊ ဆရာမ ၁၈ ဦး လိုက်ပါကာ မဟာမုနိဘုရားကြီးအား ဖူးမြော်ကြည်ညိုခဲ့ပြီး လူရည်ချွန်မောင်မယ်များက မဟာမုနိဘုရားကြီးအား အလှူငွေများ လှူဒါန်းခဲ့ကာ ဂေါပကအဖွဲ့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။ ထို့နောက် ယနေ့ ကဆုန်လပြည့်နေ့တွင် ကျရောက်သော ကဆုန်ညောင်ရေသွန်းပွဲတော်အား လူရည်ချွန်မောင်မယ်များက ပါဝင်ဆင်နွှဲခဲ့ကာ ကုသိုလ်ယူခဲ့ကြသည်။

ဆက်လက်၍ မန္တလေးမြနန်းစံကျော်ရွှေနန်းတော်သို့ ရောက်ရှိကာ သက်ဆိုင်ရာတာဝန်ရှိသူများက လူရည်ချွန်မောင်မယ်များ လေ့လာမှတ်သားနိုင်စေရန် သမိုင်းကြောင်းများအား ရှင်းလင်းပြောကြားခြင်း၊ ယဉ်ကျေးမှုပြတိုက်အတွင်းရှိ နန်းတွင်းအသုံးအဆောင်များ၊ ရှေးဟောင်းယဉ်ကျေးမှုလက်ရာများအား လူရည်ချွန်မောင်မယ်များက လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့မောင်(ချမ်း/စံ)**




## နယ်ခြားမှတ်တိုင်ဝန်းကျင် သန့်ရှင်းသပ်ရပ်မှုရှိစေရေး ဆောင်ရွက်

**မူဆယ် ဧပြီ ၃၀**

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှု၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် တရုတ်-မြန်မာနယ်စပ် ရွှေလီ-ကျယ်ဂေါင်ပိုင်းခြားနယ်ခြားမှတ်တိုင်ဝန်းကျင်တွင် သန့်ရှင်းသပ်ရပ်မှုရှိစေရေးအတွက် ဧပြီ ၂၉ ရက် နံနက် ၉ နာရီက တရုတ်-မြန်မာနယ်စပ် ရွှေလီ-ကျယ်ဂေါင်ပိုင်းခြား နယ်ခြားမှတ်တိုင်အနီးရှိ ကျူးကျော်တဲများ ဖျက်သိမ်းခြင်း၊ အမှိုက်သရိုက်များ ရှင်းလင်းခြင်းလုပ်ငန်းဆောင်ရွက်ခဲ့ရာ အဆိုပါလုပ်ငန်းအား မူဆယ်မြို့နယ် စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိ ဦးမျိုးနိုင်ဦး(ဒုတိယညွှန်ကြားရေးမှူး)၏ အနီးကပ်ကြီးကြပ်ကွပ်ကဲမှု၊ အင်ဂျင်နီယာမှူး ဦးရဲထွဋ်၏ ဦးဆောင်မှုဖြင့် မူဆယ်မြို့နယ်စည်ပင်သာယာရေးဌာနမှ ဝန်ထမ်းအင်အား ၅၀ ဦးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ အမှိုက်သိမ်းယာဉ်သုံးစီး၊ Back Hole တစ်စီးတို့ဖြင့် လုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ) (ဝ၄ဝ)



ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## ဗုဒ္ဓနေ့ကြုံ လကဆုန်

* ပွဲခါ ညောင်ရေ
ပုဂံပြည်က
စခဲ့ကြသည်၊ စခဲ့သည် ။

* နရပတိ
မည်ရှိ စည်သူ
မင်းဖြစ်မူစဉ်
ဗောဓိပင်ပျို
များထိုထို
စိုက်ပျိုးခဲ့သည်၊ ပျိုးခဲ့သည် ။

* လပြည့်ကဆုန်
ထိုနေ့ကြုံသော်
ဂုဏ်တော်အနန္တ
ပြည့်ဝစုံသည့်
မည်ရှိ ဗုဒ္ဓ
ဂေါတမအား
ယုံကြည်ရိုကျိုး
လက်စုံမိုးလျက်
ဖူးဖက်တော်ဝင်
ဗောဓိပင်အား
ရေများသွန်းကာ
စဉ်လာဘုရား
ရှိသည်လားပင်
စိတ်မှာထင်သော
ပရိဘောဂ
စေတီလုခေါ်
ပွဲတော်ကျင်းပ
ကဆုန်လပြည့်
ထိုနေ့သည်ကား
ထူးခြားမြင့်မြတ်
ပူဇော်အပ်ကာ
သွန်းဖြာညောင်ရေ
လောင်းစေသည်၊ လောင်းစေသည် ။ ။

**ခင်မောင်(ငါန်းဖွန်)**

# ဒေါ်အောင်ဆန်းစုကြည်၏ ပြစ်ဒဏ်ကျခံရသည့်နေရာအား ပြောင်းလဲသတ်မှတ်

နေပြည်တော် ဧပြီ ၃၀

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ၁၃၈၈ ခုနှစ် ကဆုန်လပြည့်နေ့တွင်ကျရောက်သည့် ကဆုန်လပြည့် ဗုဒ္ဓနေ့ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်က မေတ္တာ၊ စေတနာထားသောအားဖြင့် လည်းကောင်း နေပြည်တော်အကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံလျက်ရှိသည့် ဒေါ်အောင်ဆန်းစုကြည်အား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၄၁၊ ပုဒ်မခွဲ(၁)အရ ၎င်းကျခံရန်ကျန်ရှိသည့် ပြစ်ဒဏ်များကို သတ်မှတ်ထားသည့် နေအိမ်၌ ဆက်လက်ကျခံစေရန် ပြောင်းလဲသတ်မှတ်ပေးလိုက်ကြောင်း သိရသည်။ သတင်းစဉ်





# အင်းစိန်ဗဟိုအကျဉ်းထောင်မှ နိုင်ငံခြားသားအပါအဝင် အကျဉ်းသား၊ အကျဉ်းသူ ၄၂၃ ဦး လွှတ်ငြိမ်းခွင့်ပြု

ရန်ကုန် ဧပြီ ၃၀

ကဆုန်လပြည့် ဗုဒ္ဓနေ့တွင် အကျဉ်းထောင်/ အချုပ်ထောင်နှင့် အလုပ်စခန်းအသီးသီးတို့တွင် ပြစ်ဒဏ်ကျခံလျက်ရှိသည့် အကျဉ်းသား၊ အကျဉ်းသူတို့ကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၄၀၁၊ ပုဒ်မခွဲ(၁) အရ ပြစ်ဒဏ်လွှတ်ငြိမ်းခွင့်ပြုခဲ့ရာ ယနေ့နံနက်ပိုင်းတွင် အင်းစိန်ဗဟိုအကျဉ်းထောင်မှ သတ်မှတ်စည်းကမ်းနှင့်ကိုက်ညီသည့် နိုင်ငံခြားသား အပါအဝင် အကျဉ်းသား၊ အကျဉ်းသူ ၄၂၃ ဦးတို့ကို လွှတ်ငြိမ်းခွင့်ပြုခဲ့ကြောင်း သိရသည်။

ဦးစွာ အင်းစိန်ဗဟိုအကျဉ်းထောင်ဝင်း မိုးလုံလေလုံအားကစားခန်းမ၌ ရန်ကုန်တိုင်းဒေသကြီး အကျဉ်းဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမျိုးဦး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အင်းစိန်ခရိုင် အုပ်ချုပ်ရေးမှူး ညွှန်ကြားရေးမှူး ဦးရဲထွန်းဇော်နှင့် အင်းစိန်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး မျိုးမြင့်အောင်တို့က ဆုံးမသြဝါဒစကားများပြောကြားသည်။

ထို့နောက် အင်းစိန်အကျဉ်းထောင်မှ လွှတ်ငြိမ်းခွင့်ရရှိသည့် အကျဉ်းသား ၃၀၂ ဦး၊ အကျဉ်းသူ ၁၁၄ ဦးတို့အား ခရိုင်၊ မြို့နယ်အလိုက် YBS ယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့ပြီး နိုင်ငံခြားသား ခုနစ်ဦးအား အင်းစိန်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသို့ စနစ်တကျ လွှဲပြောင်းပို့ဆောင်ခဲ့သည်။

မြတ်ဗုဒ္ဓနေ့ဖြစ်သည့် ကဆုန်လပြည့်နေ့တွင် လွှတ်ငြိမ်းခွင့်ရရှိသည့် အကျဉ်းသား၊ အကျဉ်းသူများတွင် အင်းစိန်ဗဟိုအကျဉ်းထောင်မှ အများဆုံး လွှတ်ငြိမ်းခွင့်ရရှိပြီး ထိုသို့လွှတ်ငြိမ်းခွင့်ရရှိကြသည့် အကျဉ်းသား၊ အကျဉ်းသူ ၄၂၃ ဦးအား အင်းစိန်ဗဟိုအကျဉ်းထောင်ရှေ့ အင်းစိန်လမ်းမကြီးပေါ်၌ မိဘဆွေမျိုးများက ဝမ်းမြောက်ဝမ်းသာစွာဖြင့် ကြိုဆိုခဲ့ကြကြောင်း သိရသည်။

ညိမ်းသူ(သတင်းစဉ်)

ဓာတ်ပုံ - ကနူး

# တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ အကျဉ်းထောင်/အချုပ်ထောင်/ စခန်းအသီးသီးမှ အကျဉ်းကျခံနေရသူများကို ပြစ်ဒဏ်လွှတ်ငြိမ်းခွင့်ပြု

နေပြည်တော် ဧပြီ ၃၀

အကျဉ်းထောင်/အချုပ်ထောင်/ စခန်းအသီးသီးတို့တွင် အကျဉ်းကျခံနေကြရသော နိုင်ငံသား အကျဉ်းသား၊ အကျဉ်းသူ ၁၅၀၈ ဦးနှင့် နိုင်ငံခြားသား အကျဉ်းသား၊ အကျဉ်းသူ ၁၁ ဦး စုစုပေါင်း ၁၅၁၉ ဦးတို့ကို ယနေ့တွင် ပြစ်ဒဏ်လွှတ်ငြိမ်းခွင့်ပြုခဲ့ကြောင်း သိရသည်။

ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အကျဉ်းထောင်/ အချုပ်ထောင်/ စခန်းအသီးသီးမှ အကျဉ်းကျခံနေကြသော အကျဉ်းသား၊ အကျဉ်းသူ ၁၅၀၈ ဦးတို့အား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁)အရ **"နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခု ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"** ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွှတ်ငြိမ်းခွင့်ပြုခဲ့ကြောင်းနှင့် နိုင်ငံခြားသားအကျဉ်းသား၊ အကျဉ်းသူ ၁၁ ဦးတို့အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄၊ ပုဒ်မခွဲ (က) အရ ယင်းတို့ကျခံရန်ကျန်ရှိသောပြစ်ဒဏ်များကို လွှတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်ကြောင်းသိရသည်။

အကျဉ်းသားများအား လွှတ်ပေးရာတွင် အကျဉ်းထောင်ရုံးစိုက်ရာမြို့ရှိ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူး၊ အကျဉ်းထောင် တာဝန်ခံအရာရှိ၊ သက်ဆိုင်ရာဒေသရှိ ခရိုင်/ မြို့နယ် အုပ်ချုပ်ရေးမှူးများ၊ ခရိုင်/ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ သတင်းရဲတပ်ဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာရုံးတို့ ပါဝင်သောအဖွဲ့ဖြင့် ဆုံးမသြဝါဒစကားပြောကြား၍ ထောင်လွတ်လက်မှတ် ပေးအပ်ခဲ့ကြောင်း သိရသည်။

လွတ်မြောက်ခွင့်ရသည့် အကျဉ်းသား၊ အကျဉ်းသူများအား ခရီးစရိတ်နှင့် စားစရိတ်တို့ကို ဦးစီးရန်ပုံငွေမှလည်းကောင်း၊ စခန်းများမှလွတ်မြောက်သည့် အကျဉ်းသား/ အကျဉ်းသူများအား အလုပ်ဆင်းရက်အပေါ်မူတည်ပြီး သတ်မှတ်နှုန်းထားဖြင့် တွက်ချက်ထားသော လုပ်အားခဆုငွေများကို အကျဉ်းသားများ လုပ်အားဖြင့် ကုန်ထုတ်လုပ်ရေးအဖွဲ့ ရန်ပုံငွေမှလည်းကောင်း ပြည့်ဝစွာထုတ်ပေးခဲ့ကြောင်း သိရသည်။

လွတ်မြောက်သွားသူ ၁၅၁၉ ဦးမှာ ကချင်ပြည်နယ်မှ ၄၉ ဦး၊ ကယားပြည်နယ်မှ ငါးဦး၊ ကရင်ပြည်နယ်မှ ၇၀၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၁၉ ဦး၊ တနင်္သာရီတိုင်းဒေသကြီးမှ ၅၉ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၁၁၀၊ မကွေးတိုင်းဒေသကြီးမှ ၄၁ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၂၅၇ ဦး၊ မွန်ပြည်နယ်မှ ၉၁ ဦး၊ ရခိုင်ပြည်နယ်မှ ၄၄ ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ ၄၈၆ ဦး၊ ရှမ်းပြည်နယ်မှ ၁၄၂ ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ ၁၄၆ ဦး လွတ်မြောက်သွားကြောင်း သိရသည်။

ပြစ်ဒဏ်လွှတ်ငြိမ်းခွင့်ရသူများနှင့် အကျဉ်းထောင်ရှေ့သို့ လာရောက်ကြိုဆိုသော ၎င်းတို့၏ မိသားစုဝင်များမှာ ပျော်ရွှင်ကြည်နူးစွာ ပွေ့ဖက်နှုတ်ဆက်ကြပြီး ခရီးဝေးသွားရောက်ကြမည့်ပြစ်ဒဏ်လွှတ်ငြိမ်းခွင့်ရသူများအား ဘူတာရုံ၊ သင်္ဘောဆိပ်၊ ကားဂိတ်များသို့ မော်တော်ယာဉ်များဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက လိုက်လံပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ထို့အတူ ပြစ်ဒဏ်ကျခံနေရသော နိုင်ငံခြားသား အကျဉ်းသား၊ အကျဉ်းသူ ၁၁ ဦးတို့ကို နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှု၍ လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း **"နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသောပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"**ဟူသောစည်းကမ်းကန့်သတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့ပြီး ပြစ်ဒဏ်လွှတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်ကြောင်း သိရသည်။ **သတင်းစဉ်**

# မန္တလေးဗဟိုအကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူ ၉၁ ဦး ပြစ်ဒဏ်လွှတ်ငြိမ်းခွင့်ရရှိ

မန္တလေး ဧပြီ ၃၀

မန္တလေး ဗဟိုအကျဉ်းထောင်မှ ယနေ့တွင် အကျဉ်းသား၊ အကျဉ်းသူ ၉၁ ဦး လွှတ်ငြိမ်းခွင့်ရရှိခဲ့ကြောင်း သိရသည်။



မန္တလေး ဗဟိုအကျဉ်းထောင်မှ ပြစ်ဒဏ်လွှတ်ငြိမ်းခွင့်ရရှိခဲ့သည့် အကျဉ်းသား ၆၃ ဦး၊ အကျဉ်းသူ ၂၈ ဦး စုစုပေါင်း ၉၁ ဦးတို့ကို မန္တလေးတိုင်းဒေသကြီး အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းကျော်မျိုးက ယနေ့နံနက်ပိုင်းတွင် မန္တလေး ဗဟိုအကျဉ်းထောင်၌တွေ့ဆုံ၍ ဆုံးမသြဝါဒစကားများ ပြောကြားသည်။

ထို့နောက် ပြစ်ဒဏ်လွှတ်ငြိမ်းခွင့်ရ အကျဉ်းသား၊ အကျဉ်းသူများအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ နေ့တွက်စရိတ်နှင့် ခရီးစရိတ်ပေးအပ်ခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေး၍ အကျဉ်းထောင်မှ လွှတ်ပေးသည်။

ယနေ့ပြစ်ဒဏ်လွှတ်ငြိမ်းခွင့်ပြုခြင်းနှင့်စပ်လျဉ်း၍ မန္တလေး ဗဟိုအကျဉ်းထောင်မှ တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းဇော်မောင်က "ဒီနေ့ လွတ်မြောက်ခွင့်ရတဲ့ သူတွေကို ကျွန်တော်တို့အနေနဲ့ ဆုံးမစကားတွေပြောကြားပြီး နေ့တွက်စရိတ်တွေ၊ လုပ်အားခတွေ တွက်ချက် ထုတ်ပေးခဲ့ပါတယ်။ နောက်ပြီး သူတို့တွေသွားလာရေးအဆင်ပြေစေဖို့ ဌာနပိုင် မော်တော်ယာဉ်တွေနဲ့ ဘူတာကြီး၊ ကားဂိတ်တွေကို ပို့ဆောင်ပေးပါတယ်။ နိုင်ငံတော် သမ္မတကြီးကနေ လွှတ်ငြိမ်းခွင့်ပြုတာဖြစ်တဲ့အတွက် လွတ်မြောက်တဲ့သူတွေအနေနဲ့ မိသားစုနဲ့ ပျော်ရွှင်နွေးထွေးစွာ ပြန်လည်ဆုံတွေ့ပြီး လူမျိုး၊ ဘာသာ သာသနာအကျိုး၊ နိုင်ငံ့အကျိုးကို ဆောင်ရွက်နိုင်တော့မှာ ဖြစ်တဲ့အတွက် ဝမ်းသာမိပါတယ်" ဟုပြောသည်။

ပြစ်ဒဏ် လွှတ်ငြိမ်းခွင့်ရရှိခဲ့သူတစ်ဦးက "အခုလို လွတ်မြောက်လာတဲ့ အတွက် အတိုင်းမသိ ဝမ်းသာမိပါတယ်။ ကျွန်တော်က မန္တလေးမြို့မှာ နေထိုင်ပါတယ်။ ဒီလိုလွတ်မြောက်မယ်လို့ ကြိုတင်မသိရပါဘူး။ အခုလိုကျွန်တော်တို့ကို လွှတ်ငြိမ်းခွင့်ပေးတဲ့အတွက် တာဝန်ရှိသူတွေအားလုံးကို ကျေးဇူးတင်တယ်။ အိမ်ကိုလည်း လွမ်းနေပါတယ်။ မိသားစုနဲ့လည်း မကြာခင် တွေ့ဆုံရတော့မှာဖြစ်တဲ့အတွက် ပီတိဖြစ်မိပါတယ်" ဟုပြောသည်။

ပြစ်ဒဏ်လွှတ်ငြိမ်းခွင့်ရရှိသူ တစ်ဦးကလည်း "ဒီလိုကျွန်မတို့ကို ကဆုန်လပြည့်နေ့ အခါသမယမှာ လွှတ်ငြိမ်းခွင့်ပေးတဲ့ အတွက် တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။ အတိုင်းမသိလည်း ပျော်ရွှင်မိပါတယ်။ မိသားစုတွေကိုတော့ ဒီလိုလွတ်မြောက်လာတာကိုအသိမပေးသေးဘဲ ရုတ်တရက်တွေ့ပြီး အံ့သြဝမ်းသာပျော်ရွှင်စေချင်လို့ပါ"ဟုပြောသည်။

**မောင်အေးချမ်း**

# တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့် အင်းတော်မြို့နှင့် အဆိုပါဒေသတစ်ဝိုက်အား အလုံးစုံပြန်လည်သိမ်းပိုက်ထိန်းချုပ်

နေပြည်တော် မေ ၃၀

တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် အင်းတော်မြို့နှင့် အဆိုပါဒေသတစ်ဝိုက်အား ယနေ့တွင် အလုံးစုံပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည်။

NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူပူးပေါင်းအဖွဲ့များသည် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့၊ ရွာများ၌ အုပ်ချုပ်မှုယန္တရားများ ရပ်တန့်စေရန်အတွက် ဌာနဆိုင်ရာအဆောက်အအုံများ၊ ဆေးရုံ၊ ဆေးခန်းများ၊ စက်ရုံ၊ အလုပ်ရုံများအား မိုင်းထောင်ဖောက်ခွဲခြင်း၊ ဒေသခံပြည်သူများ၏ နေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများတွင် ယာယီခံစစ်များ ပြုလုပ်၍ အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ခြင်းတို့ကြောင့် ဒေသခံပြည်သူများသည် ဘေးဒုက္ခကြီးစွာဖြင့် ၎င်းတို့၏ တိုက်တာအိုးအိမ် အဆောက်အအုံများ၊ ဥစ္စာပစ္စည်းများကို စွန့်ခွာ၍ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

ထို့ကြောင့် တပ်မတော်စစ်ကြောင်းများ အနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် မြို့၊ ရွာများအား ပြန်လည်ရရှိရေးအတွက် လိုအပ်သည့်စုဖွဲ့မှုများကို စနစ်တကျဆောင်ရွက်ပြီး တုံ့တိုက်တိုက်ကျားကိုက်ကိုက် စိတ်ခတ်များဖြင့် ပစ်ခတ်မှုနှင့် စစ်ကစားမှုကို ဟန်ချက်ညီညီပေါင်းစပ်ပြီး ပြန်လည်ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများ ယာယီစိုးမိုးထားသော မန္တလေး- မတ္တရာ - စဉ့်ကူး - သပိတ်ကျင်း လမ်းကြောင်းနှင့် တကောင်းမြို့တို့အား ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည့်သတင်းများကို ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းအနေဖြင့် အောင်မြင်မှုများ ဆက်တိုက်ရရှိလာမှုများနှင့်အတူ တိုက်စစ်အဟုန်များ မြှင့်တင်ပြီး အကြမ်းဖက် သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် လက်ကျန်မြို့၊ ရွာများအား ပြန်လည်ရရှိရေးအတွက် ပစ်ခတ်မှုနှင့် စစ်ကစားမှုကို ဟန်ချက်ညီညီ ပေါင်းစပ်တိုက်ခိုက်ခဲ့ရာ တကောင်းမြို့နှင့် ထီးချိုင့်မြို့သို့ ဆက်သွယ်ထားသော လမ်းကြောင်းအား မတ်လ ၂၅ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး တပ်မတော်စစ်ကြောင်းများသည် ထီးချိုင့်မြို့မှ ကသာမြို့သို့ အဆင့်ဆင့်ချီတက်ရှင်းလင်းခဲ့ကြသည်။

ထို့နောက် တပ်မတော်စစ်ကြောင်းများသည် အကြမ်းဖက်သမားများ ယာယီစိုးမိုးထားသည့် အင်းတော်မြို့အား ပြန်လည်ရရှိရေးအတွက် ကသာမြို့၌ လိုအပ်သည့် စုဖွဲ့ပြင်ဆင်မှုများ ဆောင်ရွက်ပြီး ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်များကို ကာကွယ် စောင့်ရှောက်ရမည့် တပ်မတော်သားများ ဖြစ်သည်နှင့်အညီ စစ်ကြောင်းများခဲ့ကာ ပစ်ခတ်မှုနှင့် စစ်ကစားမှုကို ဟန်ချက်ညီညီ ပေါင်းစပ်ပြီး ပြန်လည်တိုက်ခိုက်ခဲ့ရာ ပင်းမလွတ်ရွာအား ၂၀၂၆ ခုနှစ် ဧပြီလ ၂၄ ရက်နေ့တွင် လည်းကောင်း၊ နဘားလမ်းဆုံနှင့် နဘားရွာအား ဧပြီလ ၂၉ ရက်နေ့တွင် လည်းကောင်း၊ ကန်းနီရွာ၊ နားရခေါင်ရွာ၊ ကြာအင်းရွာ၊ ကျွန်းတောရွာနှင့် ကူဆိပ်ရွာတို့အား မေ ၃၀ ရက် (ယနေ့)နံနက်ပိုင်းတွင် လည်းကောင်း၊ အင်းတော်မြို့အား ယနေ့ညနေပိုင်းတွင် လည်းကောင်း အသီးသီး ပြန်လည်သိမ်းပိုက်ရရှိခဲ့ပြီး ယနေ့တွင် အင်းတော်မြို့နှင့် ပတ်ဝန်းကျင်ဒေသတစ်ဝိုက်အား အလုံးစုံ ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည်။

တပ်မတော်စစ်ကြောင်းများက အင်းတော်မြို့နှင့် အဆိုပါဒေသတစ်ဝိုက်အား ပြန်လည်သိမ်းပိုက်ရရှိရေး မိမိတို့၏အသက်ကို ပဓာနမထားဘဲ ရင်ကိုမြေကတုတ်လုပ်ကာ ရှုပ်ရှုပ်ချွံချွံ တိုက်ခိုက်ချေမှုန်းခဲ့ရာ စစ်ဆင်ရေးကာလ ခုနစ်ရက်အတွင်း အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး/ငယ် ထိတွေ့မှုစုစုပေါင်း ၁၇ ကြိမ် ဖြစ်ပွားခဲ့ရာ ရန်သူ့ထံမှ အလောင်း ၃၃ လောင်း၊ လက်နက်မျိုးစုံ ၁၈ လက်နှင့် ဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့ပြီး တပ်မတော်သားအချို့ နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် မြင့်မြတ်စွာအသက်ပေးလှူခဲ့ရသည်။

အကြမ်းဖက်ပူးပေါင်းအဖွဲ့များ အနေဖြင့် အင်းတော်မြို့နှင့် ၎င်းဒေသတစ်ဝိုက်အား ခြေကုပ်စိုးမိုးထားစဉ် မြို့/ရွာများအတွင်းရှိ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ ဆေးရုံများနှင့် လူနေအိမ်များတွင် ဘန်ကာများ ဆောက်လုပ်ပြီး တပ်မတော်စစ်ကြောင်းများအား ပစ်ခတ်တိုက်ခိုက်ခြင်း၊ ယာယီနေရပ်စွန့်ခွာနေရသည့် ဒေသခံပြည်သူများ၏ အိုးအိမ်များကို ခံစစ်တံတိုင်းအဖြစ် အကာအကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက်ခြင်းများ လုပ်ဆောင်ခဲ့ကြသဖြင့် ဒေသခံပြည်သူများ အနေဖြင့် ၎င်းတို့၏ တိုက်တာအိုးအိမ်၊ စည်းစိမ်များကို စွန့်လွှတ်၍ တိုက်ပွဲဖြစ်ပွားမှု ကင်းလွတ်ရာ နေရာများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရပြီး ကျောင်းနေအရွယ် ကလေးလူငယ်များသည်လည်း ပညာသင်ကြားခွင့်များ ဆုံးရှုံးခဲ့ကြရသည်။

တပ်မတော် စစ်ကြောင်းများ အနေဖြင့် အကြမ်းဖက်ပူးပေါင်းအဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် လူနေတိုက်တာ အိုးအိမ်များ၊ လမ်းတံတားများ၊ ဌာနဆိုင်ရာ အဆောက်အအုံများကို ပြင်ဆင်ခြင်း၊ အများပြည်သူ အသုံးပြုလျက်ရှိသည့် လမ်းများနှင့် အဆောက်အအုံများအကြား အကြမ်းဖက် ပူးပေါင်းအဖွဲ့များ ထောင်ထားသည့် မိုင်းအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းစဉ်များကို အမြန်ဆုံး ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး စာသင်ကျောင်းများအား အမြန်ဆုံးပြန်လည်ပြုပြင်ပြီးစီးပါက ကျောင်းနေအရွယ် ကလေးလူငယ်များ အားလုံး စာသင်ကြားနိုင်ရေး ဦးစားပေး ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

PDF အမည်ခံအကြမ်းဖက် သောင်းကျန်းသူများ အနေဖြင့် NUG၊ CRPH တို့၏ သွေးထိုးမြှောက်ပင့်မှုများကို နားယောင်ပြီး ယခုကဲ့သို့ အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ခြင်းများသည် အဆိုပါဒေသအတွင်း နေထိုင်လျက်ရှိသော ဒေသခံပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုများတွင် များစွာနောက်ကျစေသဖြင့် နိုင်ငံတော်နှင့် ဒေသအတွက် အမှန်တကယ် အကျိုးပြုလိုပါက နီးစပ်ရာ လုံခြုံရေးစခန်းများနှင့် ချိတ်ဆက်၍ အလင်းဝင်ရောက်သင့်ကြောင်း သတင်းထုတ်ပြန်ထားသည်။ သတင်းစဉ်









တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့် အင်းတော်မြို့အား ပြန်လည်သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံများ။



အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များထံမှ သိမ်းပိုက်ရရှိသည့် လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့် အင်းတော်မြို့အား ပြန်လည်သိမ်းပိုက်ရရှိမှု ဖြစ်စဉ်ပြမြေပုံ။





အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များထံမှ သိမ်းပိုက်ရရှိသည့် လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းသာယာရပ်ကွက်၊ အကွက်အမှတ်(၄၉၇)၊ ဦးပိုင်နံပါတ်(ခ/၁၀၁)၊ မြေဧရိယာ (၀ ဒသမ ၀၂၈)ဧက အကျယ်အဝန်းရှိ ဒေါ်ထွန်းမေ အမည်ပေါက် ဂရန်မြေကွက်၏ အရှေ့ဘက်ခြမ်း(၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူခဲ့ပြီး လက်ရှိလက်ရောက် ပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူဖြစ်သော ဦးညီညီထွေး(ဘ)ဦးညီညီသိန်း(၉/ပသက(နိုင်)၁၄၇၈၆၄)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်မြတ်စုမွန်(ခ)မဖြူ (LL.B,D.B.L) (တရားလွှတ်တော်ရှေ့နေ)**

**မြို့မရပ်ကွက်၊ပုသိမ်ကြီးမြို့နယ်၊မန္တလေးမြို့။ ဖုန်း ၀၉-၇၉၇၇၉၈၃၅၇၊ ၀၉-၂၅၉၀၉၀၄၃၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းသာရပ်ကွက်၊ အကွက်အမှတ်(၄၉၇)၊ ဦးပိုင်အမှတ်(၄၁၆/၅)၊ မြေဧရိယာ (၁ ဒသမ ၀၀)ဧက အကျယ်အဝန်းရှိ မြေကွက်အတွင်းရှိ ပေ(၃၀×၄၀) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးကျော်ဇင်(ဘ)ဦးသံချောင်း(၉/မရတ(နိုင်)၁၀၉၈၃၁)နှင့် ဒေါ်ယဉ်ယဉ်အေး(ဘ)ဦးပြေညိမ်း(၉/မခန(နိုင်)၁၇၉၄၄၅) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာရွက်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဦးဝင်းဇော်ထူး (LL.B)အထက်တန်းရှေ့နေ ဦးခန့်ဝေဖြိုး (LL.B)အထက်တန်းရှေ့နေ**

**တိုက်အမှတ်(၂၅)၊ မြရည်နန္ဒာအိမ်ရာ၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၅၉၁၈၈၇၄၈၊ ၀၉-၄၄၇၉၉၉၃၅၉**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ) ရပ်ကွက်၊အကွက်အမှတ်(ဘ-၄)၊ဦးပိုင်အမှတ်(၁၂)၏မြောက်ဘက်ခြမ်း(၁၅ပေ×၄၅ ပေ)အကျယ်အဝန်းရှိ ဦးမောင်မောင် အမည်ဖြင့်ရရှိထားသည့် (မြေကွက်သက်သက်) မြေကွက်နှင့်ယင်းမြေကွက် ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ပါသည်ဟု အဆိုပြုသူ ဒေါ်အေမီ(ခ)အားမင်(ဘ)ဦးလီကြည်ဆိန်(၁၃/ကခန(နိုင်)၀၀၀၀၉၅)က ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီးဖြစ်၍ ရောင်းကြေးစရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်တင်ပြ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ညွန့်စိန် (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

**၆၉-အေလမ်း၊ ၃၇လမ်းနှင့် ၃၈လမ်းကြား၊ မဟာနွယ်စဉ်ရပ်ကွက်၊**

**မဟာအောင်မြေမြို့နယ်၊မန္တလေးမြို့။ ဖုန်း ၀၉-၂၅၆၃၆၁၄၀၁၊ ၀၉-၄၄၁၀၂၇၃၀၉**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၆၂(ဘီ)လမ်း၊၁၀၈လမ်းနှင့် ၁၀၉လမ်းကြား၊ (စီ-၃)၊ အိမ်နံပါတ်(၂၈)နေ ဦးရွှေဥ(ဘ)ဦးတင်အေး(၉/မရမ(နိုင်)၀၀၃၆၈၃)ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏သားဖြစ်သူ မောင်လမင်းထက်(ခ)ပေါက်စီ(ဘ)ဦးရွှေဥ(၉/ခမစ(နိုင်)၀၅၅၁၂၀)ကိုင်ဆောင်သူသည် မိဘများ၏ ဆိုဆုံးမမှုများအား နာခံခြင်းမရှိဘဲ မိဘများ လက်ခံနိုင်ဖွယ်မရှိသည့် ကိစ္စရပ်များကို အကြိမ်ကြိမ်ပြုလုပ်ခြင်း၊ မိဘများကို စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် ကြိမ်ဖန်ပြုမူဆောင်ရွက်ခြင်းများရှိနေပါသောကြောင့် မောင်လမင်းထက်(ခ)ပေါက်စီအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် လူမှုရေးကိစ္စအဝဝနှင့် ငွေရေးကြေးရေး အရှုပ်အရှင်းများ၊ ၎င်းတာဝန်ခံဆောင်ရွက်နေသော အထွေထွေကိစ္စရပ်များမှာ မိဘများနှင့် သက်ဆိုင်ခြင်းမရှိသည့်အပြင် မည်သည့်ကိစ္စအဝဝကိုမဆို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည် မဟုတ်ပါကြောင်း ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးရွှေဥ**
**(၉/မရမ(နိုင်)၀၀၃၆၈၃)**

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်သက်ဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၄၅၀)**
**စာရင်းတင်သွင်းသည့်နေ့(၂၁-၁၁-၂၀၁၃)**
**နွယ်နီကွက်သစ်၊ ပုသိမ်ကြီးမြို့နယ်။**
**ဖုန်း ၀၉-၇၉၇၂၅၁၀၅**

**ဒေါ်အေးမြင့်(ခ)ဒေါ်အေးအေးမြင့်(LL.B)**
**အထက်တန်းရှေ့နေ**
**(စဉ်-၅၂၅၄၀/၃၁-၃-၂၀၂၀)**
**အကွက်(၂၂၅)၊ ပိုက်ကျုံး၊ ဗိုကုန်းရပ်**
**၂၆လမ်းတောင်ဘက်၊ချမ်းအေးသာစံမြို့နယ်၊**
**ဖုန်း ၀၉-၄၂၀၀၇၅၅၀၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ချမ်းမြသာစည်မြို့နယ်၊အောင်သာယာရပ်ကွက်၊အကွက်အမှတ်(မမ-၁၇)၊ဦးပိုင်နံပါတ်(၁၂၁+၁၂၂+၁၂၃)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းစီရှိ ဦးမြင့်မောင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်များအနက် ဦးပိုင်နံပါတ်(၁၂၃)၊ မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့်ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်စုမြတ်နိုင်(ဘ)ဦးကံ(၅/ရဘန(နိုင်)၂၇၈၁၉၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစ်အောင် (LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အေးနန္ဒာထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာလာစိုး (LL.B) အထက်တန်းရှေ့နေ**
**ဒေါ်ဖူးသန့်မွန် (LL.B) အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(ယ-၃)၊ ဦးပိုင်နံပါတ်(၄၈-ခ)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဦးဝင်းအောင် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမျိုးစည်သူမောင်(ဘ)ဦးကိုကို(၉/အမရ(နိုင်)၁၀၇၈၇၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစ်အောင်(LL.M) တရားလွှတ်တော်ရှေ့နေ**
**ဦးဖြိုးသာခန့် (LL.B) အထက်တန်းရှေ့နေ**
**ဦးစည်သူအောင် (LL.B) အထက်တန်းရှေ့နေ**
**ဒေါ်သဲမို့မို့ထွန်း (LL.B) အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၆)၊ ဦးပိုင်အမှတ်(၅၆)၊ ဧရိယာ (၀ ဒသမ ၀၅၅၁)ဧကရှိ ဒေါ်စောင်ဟွေရင်(ခ)ဆွေဆွေသင်း အမည်ပေါက်ရှိသော ဂရန်မြေကွက်၏ ၄၈လမ်း၊ ၁၁၀(ဒီ)လမ်းထောင့်ရှိ တောင်ဘက်ခြမ်း ပေ(၃၀×၄၀)အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်အပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မိမိက ဝယ်ယူပိုင်ဆိုင်ခဲ့၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးမင်းဇော်(ဘ)ဦးရန်ရှောနိုက်(၁၃/နမတ(ပြု)၀၀၀၀၀၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ချေခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်အေးအေးခိုင်**

**တရားလွှတ်တော်ရှေ့နေ**

**အမှတ်(ဆ-၇ /၈၅-က)၊ ၇၀(အေ)လမ်း၊ ၁၀၈လမ်းနှင့် ၁၀၉လမ်းကြား(၁၀၉လမ်းမှဝင်ရမည်။)**

**မြို့သစ်(၂)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၁၁၀၇၆၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အကွက်အမှတ်(၅၁၁)၊ ဦးပိုင်အမှတ်(၂၅)၊မြေဧရိယာ (၀ ဒသမ ၀၆၄၈)ဧက အကျယ်အဝန်းရှိ မမွှံအမည်ပေါက် ဘိုးဘပိုင်မြေကွက်အတွင်းရှိ (၁၅ပေ×ပေ၃၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးသက်ဖူးမောင်(ဘ)ဦးနီ(၉/မဟမ(နိုင်)၀၁၀၆၆၁)နှင့်ဒေါ်မိုးမိုးထွေး(ဘ)ဦးအုန်းမောင်(၉/မရတ(နိုင်)၁၁၂၃၄၂)တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေများ အပြီးအပိုင် ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ ဘိုးဘမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဦးခန့်ဝေဖြိုး (LL.B) အထက်တန်းရှေ့နေ**

**၅၁လမ်းနှင့် ၅၂လမ်းကြား၊ မြရည်နန္ဒာရပ်ကွက်၊**

**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၉၅၆၃၅၄၂၆၄၊ ၀၉-၄၄၇၉၉၉၃၅၉**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၁၈)၊ ဦးပိုင်အမှတ်(၄၈)၊ ဧရိယာ (၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဗိုလ်မှူးကြီးမြင့်ဟန် အမည်ပေါက် ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အထူးကိုယ်စားလှယ်လွှဲစာ၊ အရောင်းအဝယ်အရပ်ကတိစာချုပ်တို့ဖြင့် လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဒေါ်အေးစန္ဒာထွန်း(ဘ)ဦးစံလင်း(၁၃/ညရန(နိုင်)၀၉၅၇၀၁)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်နန်းရွှေစင်ငယ် (LL.B) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်တွယ်တာဝင်းနိုင်(LL.B) အထက်တန်းရှေ့နေ**

**" Easy " အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်း**

**၃၃လမ်း၊ လမ်း၇၀နှင့်၇၁လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊**

**မန္တလေးမြို့။ ဖုန်း ၀၉-၇၈၇၃၈၀၁၉၁**

# အများသိစေရန် ကြေညာခြင်း

မန္တလေး၊ အမရပူရမြို့နယ်၊ နန်းတော်ရာစံပြကွက်သစ်-မှန်တန်းရပ်၊ အကွက်(၆၀၃-က)၊ ဦးပိုင်အမှတ်(၃၀၄/၆၀၂)၊ ဦးလှမောင် + ဒေါ်မြကြည် အမည်ပေါက်၊ ဧရိယာ(၀ ဒသမ ၀၆)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ပိုင်ဆိုင်သူများ ကွယ်လွန်ပြီးနောက် သားသမီးများဖြစ်ကြသော ဦးတင်ထွန်းဦး(၉/အမရ(နိုင်)၀၁၀၀၆၄)၊ ဦးမြင့်ဇော်(၉/အမရ(နိုင်)၀၁၀၀၆၅)၊ ဒေါ်ကေသီမိုး(၉/အမရ(နိုင်)၀၁၀၀၆၆)တို့သည် တရားဝင် အမွေဆက်ခံပြီး အကြွင်းမဲ့ပိုင်ဆိုင်သည်ဟု အဆိုပြု၍ ရောင်းချရန်ကမ်းလှမ်းမှုအပေါ် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစိုင်းမင်းဆွေမှ ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်အပိုဒ်ပါ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့၏ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးကျော်မင်း (B.Sc(Chem;), Dip in Business Law, H.G.P)**
**အထက်တန်းရှေ့နေ(စဉ်–၂၀၀၅၁)**
**လမ်း ၈၀ နှင့် ၄၃လမ်းထောင့်၊ ရုံးအနီး၊ အကွက်(၈၄၂)၊ ချမ်း/မြောက်ရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**

# အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၅၆)၊ ဦးပိုင်အမှတ်(၁၀ + ၁၁)၊ ဧရိယာ(၀ ဒသမ ၀၆၂ + ၀ ဒသမ ၀၆၂)ဧက အကျယ်အဝန်းရှိ Dr. ကြင်ကြင်မြင့် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်(ရေ+မီး)အပါအဝင် ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူဖြစ်သော ဦးကိုကိုလှိုင်(ပါ-၃)(ဘ)ဦးခင်မောင်သန်း(၉/မရမ(နိုင်)၀၅၈၂၂၆) ကိုင်ဆောင်သူများထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးအပ်ပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ကျော့ကျော့နိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ဖုန်း ၀၉–၂၅၆၀၂၆၈၇၆၊ ၀၉–၇၉၈၇၈၃၄၅၇**

# အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်အမှတ်(လလ-၄၆)၊ ဦးပိုင်အမှတ်(၇၀)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်ခိုင်ခိုင်လှ အမည်ပေါက် ဂရန်မြေကွက်၏ အနောက်ဘက်ခြမ်း ပေ(၂၀ × ၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သံဖရိန် နှစ်ထပ်အဆောက်အအုံ၏ နေထိုင်ပိုင်ဆိုင်၊ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိတရားဝင် ဝယ်ယူပိုင်ဆိုင်ထားသူဖြစ်သော ဦးအေးဝင်း(ဘ)ဦးညွန့်မောင်(၈/မကန(နိုင်)၁၀၁၀၀၈) ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်တင်နီလာဝင်း**
**တရားလွှတ်တော်ရှေ့နေ**
**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လှဲ့လှဲ့နွယ် ဒေါ်မီမီကျော်**
**(တရားလွှတ်တော်ရှေ့နေများ)**
**အကွက်(ယ–၆/ ၂၊၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၁၉၇၀၁၊ ၀၉–၉၄၄၉၇၂၃၃၃**

# အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(D)၊ ဦးပိုင်အမှတ်(၅၅)၊ ဧရိယာ(၀ ဒသမ ၀၃၁)ဧက အကျယ်အဝန်းရှိ ဒေါ်ခင်မြင့်ကြည် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်၊ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ထားသူဖြစ်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူဖြစ်သော ဒေါ်နန်းသီတာဝင်းနိုင်(ဘ)ဦးမြတ်နိုင်(၁၃/တခလ(နိုင်)၀၀၀၀၁၁)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်တင်နီလာဝင်း**
**တရားလွှတ်တော်ရှေ့နေ**
**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လှဲ့လှဲ့နွယ် ဒေါ်မီမီကျော်**
**(တရားလွှတ်တော်ရှေ့နေများ)**
**အကွက်(ယ–၆/ ၂၊၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၁၉၇၀၁၊ ၀၉–၉၄၄၉၇၂၃၃၃၊ ၀၉–၇၅၀၇၅၀၀၇၄**

# အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၂၇)၊ ဦးပိုင်နံပါတ်(၂၆-က)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၁၃၇)ဧက၊ ပေ(၂၀ × ၃၀) အကျယ်အဝန်းရှိ ဒေါ်ကြည် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အရှေ့ဘက်ခြမ်း (၁၀ ပေ × ပေ ၃၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ဝင်းဝင်း(ဘ)ဦးသောင်း(၉/မနတ(နိုင်)၀၇၄၀၆၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဦးတင်အောင်မိုး (LL.B, LL.M)** – **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M)** – **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M)** – **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အေးနန္ဒာထွန်း (LL.B)** – **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာလာစိုး (LL.B)** – **အထက်တန်းရှေ့နေ**
**ဒေါ်ဖူးသန့်မွန် (LL.B)** – **အထက်တန်းရှေ့နေ**
**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

# အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(အပိုင်း-၂)၊ ဦးပိုင်အမှတ်(၈၇-ခ)၊ ဧရိယာ(၀ ဒသမ ၀၂၇၆)ဧကရှိ ဒေါ်ရီရီမာ အမည်ပေါက်ရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်အပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မိမိက ဝယ်ယူပိုင်ဆိုင်ခဲ့၍ တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခိုင်ခိုင်လင်း(အဘ)ဦးသိန်းထွန်းဦး(၉/တသန(နိုင်)၀၉၃၃၀၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ချေခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အေးအေးခိုင်**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(ဆ–၇/ ၈၅–က)၊ ၇၀(အေ)လမ်း၊ ၁၀၈လမ်းနှင့် ၁၀၉လမ်းကြား (၁၀၉လမ်းမှ ဝင်ရမည်။)**
**မြို့သစ်(၂)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၄၃၁၁၀၇၆၀**

# အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဖ-၇)၊ ဦးပိုင်(၈၇)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၃၁)ဧက၊ (ပေ ၃၀ × ၄၅ ပေ)အကျယ်အဝန်းရှိ ဦးဝင်းမောင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံရသည့် မြေကွက်၏ မြောက်ဘက်ခြမ်း (၁၅ ပေ × ၄၅ ပေ)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးအောင်လင်းဦး(ဘ)ဦးချစ်မင်း(၉/မရမ(နိုင်)၀၈၄၀၃၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်နှင်းစာစာမွန် (LL.B) (အထက်တန်းရှေ့နေ)**
**အမှတ်(၄၀–A)၊ ၆၇(A)လမ်း၊ ၃၇လမ်းနှင့် ၃၇(A)လမ်းကြား၊ မဟာမြိုင်(၁)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၄၀၂၅၇၄၇၀၂၊ ၀၉–၉၇၇၄၃၈၄၇၇**

# အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည်တောင်ရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၆)၊ ဦးပိုင်အမှတ်(၁၀၅-ခ)၊ ဧရိယာ(၁၅ × ၄၀)ဧက အကျယ်အဝန်းရှိ ဦးပွား အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်အဆောက်အအုံ (ရေ+မီး)အပါအဝင် ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူဖြစ်သော ဦးပွား(ဘ)ဦးသံဒိုင်(MYG-၀၃၂၀၄၅)(၉/မနမ(နိုင်)၀၇၀၃၁၃) ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးအပ်ပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ကျော့ကျော့နိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ဖုန်း ၀၉–၂၅၆၀၂၆၈၇၆၊ ၀၉–၇၉၈၇၈၃၄၅၇**

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

### ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် ဧပြီ ၂၀

| | | | | |
|---|---|---|---|---|
| ချောက် | ၄၀ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ကရိတ် | ၄၀ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူး | ၄၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်လေးပင် | ၃၉ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ဖောင်းတူ | ၃၉ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |

## ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနား နေပြည်တော်၌ ကျင်းပ

နေပြည်တော် ဧပြီ ၂၀

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် မာရဝိဇယဗုဒ္ဓဥယျာဉ် ပရိဝုဏ်တော်အတွင်း၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစောနှင့်ဇနီး ဒေါ်စမ်းစမ်းအေး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးတို့က ပရိဝုဏ်တော်အတွင်းရှိ မဟာဗောဓိညောင်ပင်တော်ကို ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

အခမ်းအနားသို့ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာငွေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်းနှင့် ဇနီး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးနှင့် ဇနီး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊

စာမျက်နှာ ၉ သို့ ✧



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစော၊ ဇနီး ဒေါ်စမ်းစမ်းအေးနှင့် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးတို့ မာရဝိဇယဗုဒ္ဓဥယျာဉ် ပရိဝုဏ်တော်အတွင်း မဟာဗောဓိညောင်ပင်တော်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ရေသပ္ပာယ်တော်မူကြစဉ်။

## လယ်ယာကဏ္ဍအပါအဝင် စက်သုံးဆီများအဆင်ပြေချောမွေ့စွာ တင်သွင်းဖြန့်ဖြူးလျက်ရှိနေမှုအခြေအနေအား သတင်းထုတ်ပြန်ချက်

နေပြည်တော် ဧပြီ ၂၀

အရှေ့အလယ်ပိုင်းဒေသရှိ ပဋိပက္ခများကြောင့် ကမ္ဘာ့ရေနံဈေးနှုန်းများ မြင့်တက်နေသော်လည်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် စက်သုံးဆီ ခြိုးခြံချွေတာရေးအတွက် နိုင်ငံတော်မှ ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များနှင့်အညီ စက်သုံးဆီစနစ်တကျသုံးစွဲနိုင်ရေး၊ ချွေတာသုံးစွဲနိုင်ရေးနှင့် ဖူလုံမှုရှိစေရေးအတွက် ဒီဂျစ်တယ်နည်းပညာအခြေပြု၍ စီမံကြပ်မတ်ကွပ်ကဲဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် စားနပ်ရိက္ခာဖူလုံရေးအတွက် အရေးကြီးကဏ္ဍဖြစ်သော လယ်ယာလုပ်ငန်းသုံးဒီဇယ်ဆီ ပြတ်လပ်မှုမရှိစေရေး၊ ဈေးနှုန်းကြီးမြင့်မှုကို လျှော့ချနိုင်ရေးနှင့် ထွန်ယက်စိုက်ပျိုးသောလုပ်ငန်းများ အချိန်မီ ဆောင်ရွက်နိုင်ရေးအတွက် ပြည်တွင်းထုတ် ဒီဇယ်ဆီများအား တစ်ဂါလံလျှင် ၁၀၀၀၀ ကျပ်နှုန်းဖြင့် တောင်သူများထံသို့ လုပ်ငန်းခွင်အရောက် တိုက်ရိုက်ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါသည်။ တိုင်းဒေသကြီး/ပြည်နယ်အလိုက် နွေစပါးမြေပြုပြင်ရန် ကျန်ရှိသော ၄၆၈၈၇ ဧကအတွက် အသုံးပြုရန်လိုအပ်သည့် ဒီဇယ်ဆီကို တောင်သူလယ်သမားများထံသို့ တိုက်ရိုက်ရောင်းချပေးခဲ့ပြီး ဖြစ်ပါသည်။ ထို့အပြင် မိုးစပါးစိုက်ပျိုးဧက ၁၅ သန်းအတွက် လိုအပ်သည့် စက်သုံးဆီများကိုလည်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် တောင်သူများသို့ ဖြန့်ဖြူးပေးနိုင်ရေး ပြင်ဆင်ထားပြီးဖြစ်ပါသည်။ တောင်သူများအနေဖြင့် စက်မောင်းဆီများကို လိုအပ်သည့်အချိန်တွင် လိုအပ်သောပမာဏအတိုင်း ဝယ်ယူနိုင်ရန်အတွက် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ကြီးကြပ်မှုဖြင့် စက်သုံးဆီအရောင်းဆိုင်များတွင် စနစ်တကျ စာရင်းရေးသွင်းရောင်းချနိုင်ရေးကိုလည်း စီမံဆောင်ရွက်ထားရှိပါသည်။

ကမ္ဘာ့စက်သုံးဆီဈေးနှုန်းများ မြင့်တက်ခဲ့သော်လည်း ပြည်တွင်းစက်သုံးဆီဈေးနှုန်း များစွာမြင့်တက်သွားခြင်းမရှိစေရေးအတွက် နိုင်ငံတော်အစိုးရမှ ကြပ်မတ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါသည်။ နိုင်ငံတော်အတွင်း စက်သုံးဆီဖူလုံမှုအနေဖြင့် ၆၀ ရက်စာ လုံလောက်မှုရှိပါသည်။ စက်သုံးဆီဝယ်ယူသုံးစွဲသူများအနေဖြင့် လိုအပ်သည်ထက် ပိုမိုဝယ်ယူသိုလှောင်ခြင်းမပြုဘဲ လိုအပ်သည့်အချိန်တွင် လိုအပ်သည့်ပမာဏကိုသာ ဝယ်ယူသုံးစွဲခြင်းဖြင့် ကဏ္ဍအလိုက်အသုံးပြုမှုကို ထိရောက်စွာ စီမံခန့်ခွဲနိုင်မည်ဖြစ်ပါသည်။

စက်သုံးဆီဖြန့်ဖြူးနေမှု တည်ငြိမ်သည့်အခြေအနေသို့ ရောက်ရှိလာမှုအပေါ် ပျက်ပြားစေရန်ရည်ရွယ်၍ ကောလာဟလ မဟုတ်မမှန်သတင်းများ ပြည်ပမီဒီယာများသို့ ပေးပို့နေသူများရှိခြင်းနှင့် ပြည်ပမီဒီယာအချို့မှ ပြည်သူများ ထင်ယောင်ထင်မှားဖြစ်စေရန် မမှန်ကန်သည့်ဓာတ်ပုံများ၊ သတင်းများ ထုတ်လွှင့်ဖြန့်ဝေခြင်းများရှိနေသော်လည်း ပြည်သူလူထု၏ ပူးပေါင်းပါဝင် ဆောင်ရွက်မှုများကြောင့် လက်ရှိအခြေအနေတွင် စက်သုံးဆီအရောင်းဆိုင်များ၌ စက်သုံးဆီဖြန့်ဖြူးမှုမှာ တည်ငြိမ်၍ ပုံမှန်အခြေအနေတွင် ရှိနေသည်ကို တွေ့ရှိရပါသည်။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် စက်သုံးဆီများကို ပြည်သူများအားလုံး ညီတူညီမျှ လုံလောက်စွာ သုံးစွဲနိုင်စေရေး အစဉ်တစိုက် စီမံဆောင်ရွက်နေမှုအပေါ် ယခုကဲ့သို့ ပြည်သူများ၏ အလေးအနက်ထား ပူးပေါင်းပါဝင် ဆောင်ရွက်မှုအား ကျေးဇူးအထူးတင်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန




စက်သုံးဆီအရောင်းဆိုင်များ၌ ဧပြီ ၃၀ ရက်က ဝန်ကြီးဌာနရှိ Online Monitoring Center CCTV မှ ယာဉ်တန်းစီမှုအခြေအနေကို တွေ့ရစဉ်။



နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ PT Power စက်သုံးဆီအရောင်းဆိုင်တွင် ဧပြီ ၃၀ ရက်က စက်သုံးဆီဖြန့်ဖြူးပေးနေမှုကိုတွေ့ရစဉ်။

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဧပြီ ၃၀

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

မိုး/ဇလ